
## ၉-၃-၂၀၂၆ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ စက်သုံးဆီ၊ ရွှေ ဈေးနှုန်းများ

| စဉ် | မြို့အမည် | ဆန် (တစ်ပြည် ) | | ဆီ (တစ်ပိဿာ ) | | စက်သုံးဆီ (တစ်လီတာ ) | | | | ၁၆' ပဲရည် ရွှေ (တစ်ကျပ်သား ) |
|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | Octane ၉၅ | Octane ၉၂ | ဒီဇယ် (ရိုးရိုး ) | အဆင့်မြင့် ဒီဇယ် | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၁ | မြစ်ကြီးနား | ၄၀၀၀ | ↓ ၁၀၅၀၀ | ၂၅၀၀၀ | ၉၉၅၀ | ၄၅၆၀ | ၄၅၀၅ | - | ၄၈၃၀ | ၁၀၁၅၀၀၀၀ |
| ၂ | လားရှိုး | ၅၀၀၀ | ၁၁၅၀၀ | | ၈၃၂၀ | ၂၇၅၅ | ၂၆၈၅ | ၂၇၇၀ | ၃၀၆၅ | ၁၀၁၀၀၀၀၀ |
| ၃ | ကျိုင်းတုံ | ၃၈၀၀ | ↑ ၈၈၅၀ | ၂၄၀၀၀ | - | ၄၃၀၀ | ၄၁၅၀ | ၄၉၅၀ | - | ၁၀၂၀၀၀၀၀ |
| ၄ | တောင်ကြီး | ၂၉၀၀ | ↑ ၈၇၅၀ | ၁၇၀၀၀ | ၇၃၀၅ | ၂၇၂၀ | ၂၆၅၀ | ၂၇၃၅ | ၃၀၃၀ | ၁၁၂၅၀၀၀၀ |
| ၅ | လွိုင်ကော် | ၃၀၀၀ | ၅၅၀၀ | ၁၇၀၀၀ | ↑ ၇၂၀၀ | ၂၇၄၅ | ၂၆၇၅ | ၂၇၅၅ | ၃၀၅၀ | ၁၀၉၀၀၀၀၀ |
| ၆ | ဘားအံ | ၂၅၀၀ | ၅၀၀၀ | ၁၉၀၀၀ | ↑ ၇၁၀၀ | ၂၆၈၅ | ၂၆၁၅ | ၂၆၉၅ | ၂၉၉၀ | ၁၁၁၈၀၀၀၀ |
| ၇ | မော်လမြိုင် | ၂၃၀၀ | ၄၅၀၀ | ၁၈၀၀၀ | ↑ ၇၀၀၀ | ၂၉၅၅ | ၂၈၇၅ | ၃၃၇၅ | ၃၄၁၀ | ၁၀၆၀၀၀၀၀ |
| ၈ | ထားဝယ် | ↓ ၃၂၀၀ | ၆၅၀၀ | ၂၄၀၀၀ | ၇၂၈၀ | ၂၇၃၀ | ၂၆၆၀ | ၂၇၄၅ | ၃၀၄၀ | ၁၀၇၀၀၀၀၀ |
| ၉ | မြိတ် | ၃၀၀၀ | ↑ ၆၄၅၀ | ၂၃၀၀၀ | ၇၃၉၀ | ၃၈၅၀ | ၃၆၅၀ | ၃၉၀၀ | ၃၉၅၀ | ၁၀၇၀၀၀၀၀ |
| ၁၀ | ရန်ကုန် | ၃၅၀၀ | ၅၅၀၀ | ၂၀၀၀၀ | ၆၈၅၀ | ၂၅၉၅ | ၂၅၂၅ | ၂၆၁၀ | ၂၉၀၅ | ၁၀၇၅၀၀၀၀ |
| ၁၁ | ပုသိမ် | ↑ ၂၂၅၀ | ၄၈၀၀ | ၂၁၀၀၀ | ၇၀၇၅ | ၂၆၇၀ | ၂၆၀၀ | ၂၆၈၀ | ၂၉၇၅ | ၁၀၆၆၀၀၀၀ |
| ၁၂ | စစ်တွေ | | | | | | | | | |
| ၁၃ | ဟားခါး | | ၁၂၅၀၀ | ၃၁၀၀၀ | - | ၃၀၀၀ | ၂၉၃၀ | ၃၀၁၀ | ၃၃၀၅ | ၁၀၅၇၀၀၀၀ |
| ၁၄ | မုံရွာ | ၃၂၀၀ | ၇၉၀၀ | ၁၆၀၀၀ | ↑ ၇၆၅၀ | ၂၇၅၀ | ၂၆၈၀ | ၂၇၆၀ | ၃၀၅၅ | ၁၀၈၀၀၀၀၀ |
| ၁၅ | မန္တလေး | ၃၀၀၀ | ၇၀၀၀ | ၁၆၀၀၀ | ၇၅၄၅ | ၂၇၁၀ | ၂၆၄၀ | ၂၇၂၀ | ၃၀၂၀ | ၁၀၇၅၀၀၀၀ |
| ၁၆ | ပခုက္ကူ | ၃၈၀၀ | ၆၅၀၀ | ၁၅၀၀၀ | ↑ ၇၅၂၅ | ၂၇၁၅ | ၂၆၄၅ | ၂၇၃၀ | ၃၀၂၅ | ၁၀၆၅၀၀၀၀ |
| ၁၇ | မကွေး | ↑ ၃၁၅၀ | ↑ ၈၀၀၀ | ၁၄၅၀၀ | ၇၃၉၀ | ၂၇၁၅ | ၂၆၄၅ | ၂၇၃၀ | ၃၀၂၅ | ၁၀၁၆၀၀၀၀ |
| ၁၈ | ပြည် | ၂၆၀၀ | ၅၁၀၀ | ၁၆၀၀၀ | ↑ ၇၁၈၅ | ၂၅၂၆ | ၂၄၆၀ | ၂၆၁၁ | ၂၈၉၆ | ၁၀၃၅၀၀၀၀ |
| ၁၉ | ပဲခူး | ၂၆၀၀ | ၅၁၀၀ | ၁၇၅၀၀ | ↑ ၇၀၀၅ | ၂၆၁၀ | ၂၅၄၀ | ၂၆၂၅ | ၂၉၂၀ | ၁၀၅၆၀၀၀၀ |
| ၂၀ | ပျဉ်းမနား | ၂၈၀၀ | ၇၂၀၀ | ၁၈၂၀၀ | ၇၁၉၅ | ၂၆၇၅ | ၂၆၀၅ | ၂၆၉၀ | ၂၉၈၅ | ၁၀၇၅၀၀၀၀ |
| ၂၁ | နေပြည်တော် | ၂၈၀၀ | ၇၂၀၀ | ၁၈၄၀၀ | ၇၁၉၅ | ၂၆၇၅ | ၂၆၀၅ | ၂၆၉၀ | ၂၉၈၅ | ၁၀၇၅၀၀၀၀ |
| ၂၂ | ကလေး | ၃၁၀၀ | | ၂၀၀၀၀ | ၈၄၁၅ | ၃၇၅၀ | ၃၆၈၀ | ၃၇၆၀ | ၄၀၅၅ | ၁၀၃၀၀၀၀၀ |

The Consumer Affairs
News Letter
Department of Consumer Affairs – To Protect Consumers – စားသုံးသူရေးရာဦးစီးဌာန
Monthly News Letter | March 2026 | Department of Consumer Affairs

## ၂၀၂၆ ခုနှစ် ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အထိမ်းအမှတ်အခမ်းအနားနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ






၂၀၂၆ ခုနှစ်၊ မတ် ၁၅ ရက်တွင် ကျရောက်သော ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အထိမ်းအမှတ်အခမ်းအနားကို ၂၀၂၆ ခုနှစ် မတ်လ ၁၅ ရက်နေ့တွင် နေပြည်တော်ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ ရုံးအမှတ် (၅၂) ၌ ကျင်းပခဲ့ရာ မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်အဖွဲ့ဝင်၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ဦးမင်းမင်းနှင့် မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ (World Consumer Rights Day) အထိမ်းအမှတ် အခမ်းအနားကို ဒုတိယဝန်ကြီးက အဖွင့်အမှာစကားပြောကြားခဲ့ရာ စားသုံးသူအခွင့်အရေးများ အပြည့်အဝရရှိနိုင်စေရန်နှင့် အရည်အသွေးမြင့်မားသည့် ကုန်စည်နှင့် ဝန်ဆောင်မှုများကို ဖော်ဆောင်ဖြည့်ဆည်းနိုင်စေရန် ရည်ရွယ်၍ စားသုံးသူအကာအကွယ်ပေးရေးဥပဒေကို ၂၀၁၄ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပါကြောင်း၊ ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ကို ၂၀၁၆ ခုနှစ်မှစတင်၍ နှစ်စဉ်ပြုလုပ်လျက်ရှိပါကြောင်း၊ ယခုနှစ်အတွက် အပြည်ပြည်ဆိုင်ရာ စားသုံးသူအဖွဲ့အစည်းက

*၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလတွင် စတင်ထုတ်ဝေသည်။*

## သတင်းခေါင်းစဉ်များ

**မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်ကဏ္ဍ** ၃
၁။ ၂၀၂၆ ခုနှစ် ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အထိမ်းအမှတ်အခမ်းအနားနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်း
၂။ စားသုံးသူရေးရာကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးများ ကျင်းပ
**စားသုံးသူတိုင်ကြားမှုနှင့် ဖြေရှင်းပေးမှုကဏ္ဍ** ၅
၃။ အမြန်ချောပို့လုပ်ငန်း ဝန်ဆောင်မှုနှင့်ပတ်သက်၍ တိုင်ကြားလာမှုအပေါ် ဖြေရှင်းပေးမှုအခြေအနေ
၄။ အိတ်ဝယ်ယူခြင်းနှင့်ပတ်သက်၍ တိုင်ကြားလာမှုအပေါ် ဖြေရှင်းပေးမှုအခြေအနေ
၅။ ကားဝယ်ယူခြင်းနှင့်ပတ်သက်၍ တိုင်ကြားလာမှုအပေါ်ဖြေရှင်းပေးမှုအခြေအင
၆။ ဖုန်းပြုပြင်ရေးဆိုင်ဝန်ဆောင်မှုနှင့်ပတ်သက်၍ တိုင်ကြားလာမှုအပေါ် ဖြေရှင်းပေးမှုအခြေအနေ
၇။ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း CICC ရုံးများသို့ တိုင်ကြားလာမှုအခြေအနေ
**ထုတ်ကုန်လုံခြုံစိတ်ချရမှုကဏ္ဍ** ၈
၈။ တိုင်းဒေသကြီးများအတွင်း ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်
၉။ ပြည်နယ်များအတွင်း ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ
၁၀။ Online Sale မှတ်ပုံတင်လက်မှတ်ထုတ်ပေးနိုင်ရေး မြေပြင်ကွင်းဆင်းစစ်ဆေးခြင်းနှင့် အသိပညာပေးခြင်းများ ဆောင်ရွက်
၁၁။ ၂၀၂၆ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း ဈေးကွက်စောင့်ကြည့်စစ်ဆေးမှုအခြေအနေ
၁၂။ ၂၀၂၆ ခုနှစ်အတွင်း ကုန်အညွှန်းအမှတ်အသားစိစစ်ခွင့်ပြုပေးခဲ့မှုအခြေအနေ
**စားသုံးသူအသိပညာပေးရေးကဏ္ဍ** ၁၆
၁၃။ တိုင်းဒေသကြီးများတွင် အသိပညာပေးလုပ်ငန်းများဆောင်ရွက်
၁၄။ ပြည်နယ်များအတွင်း အသိပညာပေးလုပ်ငန်းများဆောင်ရွက်
၁၅။ ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလအတွင်း စားသုံးသူအသိပညာပေးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
**သတင်းအချက်အလက်နည်းပညာနှင့်အရည်အသွေးစီမံခန့်ခွဲမှုကဏ္ဍ** ၂၄
၁၆။ ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလအတွင်း ဓာတ်ခွဲစမ်းသပ်ဆောင်ရွက်ခဲ့မှုအခြေအနေ
၁၇။ မြန်မာဆန်စပါးအွန်လိုင်း (Myanmar Rice Online - MyRO) တွင် ဆန်စပါးသိုလှောင်ရုံများ မှတ်ပုံတင်ထားရှိမှု
၁၈။ မြန်မာ့စိုက်ပျိုးရေးထွက်ကုန်များ ဘေးကင်းလုံခြုံစေခြင်းဖြင့် ပို့ကုန်တည်မြဲမှုကို တည်ဆောက်ခြင်း အလုပ်ရုံဆွေးနွေးပွဲ
**ကုန်သွယ်မှုကဏ္ဍ** ၂၇
၁၉။ တောင်ငူမြို့တွင် မန်းကျည်းမှည့် အသစ်များ ဈေးကောင်းရလျက်ရှိ
၂၀။ တိုင်းဒေသကြီးနှင့်ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ စက်သုံးဆီ၊ ရွှေ၊ ဒေါ်လာဈေးနှုန်းများ



*စာမျက်နှာ ၂၆ မှ အဆက်*

ထို့နောက် တွဲဖက်ပါမောက္ခ Dr. Justine Bennette H. Millado ဦးဆောင်၍ ထုတ်လုပ်မှုမှ စားသုံးမှုထိ တန်ဖိုး ကွင်းဆက်တစ်လျှောက် ချိတ်ဆက်ပုံဖော်ပြသခြင်း ခေါင်းစဉ်ဖြင့် Technical Session ကို ဆက်လက်ဆောင်ရွက်ခဲ့ရာ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် MSEMs လုပ်ငန်းရှင်များက စားပွဲဝိုင်းအုပ်စုအလိုက် ဆွေးနွေးခြင်းများ ဆောင်ရွက်ခြင်း၊ ဖိလစ်ပိုင်နိုင်ငံ၊ စိုက်ပျိုးရေးနှင့်အစားအစာ သိပ္ပံဌာနမှ တွဲဖက်ပါမောက္ခ Dr. Justine Bennette H. Millado က GAP Re-Tooling အရ ကောင်းမွန်သော စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်များအား ပြန်လည်ချိန်ညှိမွမ်းမံခြင်း၊ အာဆီယံစိုက်ပျိုးမှုဆိုင်ရာ အလေ့အကျင့်ကောင်းများနှင့် ဂျပန်နိုင်ငံ၏ ပိုးသတ်ဆေးထိန်းချုပ်မှုစနစ်များအကြောင်း ရှင်းလင်းဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ပြီး Dr. Millado u Facilitator အဖြစ် ဦးဆောင်၍ Dr. Yoeun Sereyvath Myat Taw Win Magway Co., Ltd. မှ မန်နေဂျင်း ဒါရိုက်တာ ဦးမြင့်အောင်၊ Greenish Sagaing Region Co., Ltd. မှ CEO ဒေါ်စွမ်းရည်ဇော် တို့ပါဝင်သည့် Multi-Stakeholder Dialogue ကို ဆက်လက်ကျင်းပခဲ့ရာ တက်ရောက်လာကြသည့် ပဲတီစိမ်းတင်ပို့သူများ၊ အဝယ်ဒိုင်များနှင့် တောင်သူများ၊ MSMEs လုပ်ငန်းရှင်များနှင့် စိုက်ပျိုးရေးဆေး တင်သွင်းဖြန့်ဖြူးရောင်းချသည့် ကုမ္ပဏီများမှ တာဝန်ရှိသူများက သိရှိလိုသည်များ မေးမြန်းခဲ့ကြောင်း သတင်းရရှိပါသည်။

**Source:** သတင်း/နည်း

## ကုန်သွယ်မှုကဏ္ဍ

### တောင်ငူမြို့တွင် မန်းကျည်းမှည့် အသစ်များ ဈေးကောင်းရလျက်ရှိ

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်အတွင်းရှိ ညောင်ပင်လေးဈေး၊ မြို့မဈေး၊ ဘုရင့်နောင်ဈေးနှင့် ဘုရားဈေးများသို့ ယခုဖေဖော်ဝါရီလ (ပထမအပတ်)တွင် မန်းကျည်းမှည့်အသစ်များ ဈေးကွက်အတွင်း စတင်ဝင်ရောက်လာရာ မန်ကျည်းမှည့်များကို ထန်းလျက်နှင့်စိမ်သောက်ခြင်း၊ မန်ကျည်းယိုထိုးစားခြင်း၊ ဟင်းချက်ရာတွင် အသား/ငါးများအညှီနံ့ကင်းစေရန် အသုံးပြုခြင်း၊ ကြေးဘုရားပန်းအိုးများဆေးကြောရာတွင်အသုံးပြုပါသည်၊



မန်းကျည်းမှည့်အသစ်များပေါ်သဖြင့် မန်းကျည်းမှည့် အဟောင်းမှာ ၁ ပိသာလျှင် ၅၅၀၀ ကျပ်မှ ၆၀၀၀ ကျပ်။ မန်းကျီးမှည့်အသစ်မှာ ၁ ပိသာလျှင် ၁၂၀၀၀ ကျပ်မှ ၁၃၀၀၀ ကျပ်ထိ ဈေးရှိပြီး မန်းကျည်းမှည့်များ လှိုင်လှိုင်ပေါ်ပါက ဈေးနှုန်းကျဆင်းနိုင်ကြောင်းသိရသည်။

**Source:** ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံး

စာမျက်နှာ ၂၅ မှအဆက်

ပို့ကုန်တည်မြဲမှုကို တည်ဆောက်ခြင်း အလုပ်ရုံဆွေးနွေးပွဲ အခမ်းအနားကို ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင် ရန်ကုန်မြို့၊ Summit Parkview Hotel ၌ ကျင်းပပြုလုပ်ခဲ့ပါကြောင်း၊ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ မူပိုင်ခွင့်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ စားသုံးသူရေးရာ ဦးစီးဌာနမှ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ အာဆီယံ-ဂျပန်စင်တာမှ Program Director ဒေါ်အိအိခင်၊ ကမ္ဘောဒီးယားနိုင်ငံ နည်းပညာတက္ကသိုလ်မှ တွဲဖက်ပါမောက္ခ Dr. Yoeun Sereyvath၊ ဖိလစ်ပိုင်နိုင်ငံ၊ စိုက်ပျိုးရေးနှင့် အစားအစာသိပ္ပံဌာနမှ တွဲဖက်ပါမောက္ခ Dr. Justine Bennette H. Millado၊ အာဆီယံ-ဂျပန်စင်တာမှ Program Officer Dr. Razel Andrea D. NAVALTA၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်းမှ တာဝန်ရှိသူများ၊ စိုက်ပျိုးရေးဆေးတင်သွင်းဖြန့်ဖြူးရောင်းချလျက်ရှိသည့် ကုမ္ပဏီများမှ တာဝန်ရှိသူများ၊ ပို့ကုန်တင်ပို့သူများ၊ အဝယ်ဒိုင်များ၊ တောင်သူများနှင့်ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။




အဆိုပါအခမ်းအနားတွင် ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကျော်ထွန်းက Online မှ တစ်ဆင့် ဝမ်းမြောက်ကြောင်း အမှာစကားပြောကြားခြင်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က အမှာစကားပြောကြားခြင်း၊ အာဆီယံ-ဂျပန်စင်တာမှ Program Director ဒေါ်အိအိခင်က အမှာစကားပြောကြားခြင်း၊ စားသုံးသူရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဆန်းမြင့်က အရည်အသွေးမြင့် ဈေးကွက်များသို့ တင်ပို့နိုင်ရေးအတွက် အစားအစာဘေးကင်းလုံခြုံရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခြင်း၊ ကုန်သွယ်ရေးနှင့် ရင်းနှီး မြှုပ်နှံမှုဆိုင်ရာ အကြံပေး Mr. Makoto Nakamura က ဂျပန်နိုင်ငံ ဈေးကွက်၏ ဝယ်လိုအား၊ အရည်အသွေးနှင့် အစားအစာဘေးကင်းလုံခြုံရေးဆိုင်ရာ မျှော်မှန်းချက်များနှင့်စပ်လျဉ်း၍ အွန်လိုင်းမှတစ်ဆင့် ဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

စာမျက်နှာ ၂၇ ကော်လံ ၁ သို့



# မြန်မာနိုင်ငံစားသုံးသူ ကာကွယ်ရေးကော်မရှင်ကဏ္ဍ

ရှေ့ဖုံးမှအဆက်

သတ်မှတ်ပေးသော ဆောင်ပုဒ်ဖြစ်သည့် ထုတ်ကုန်ဘေးကင်းလုံခြုံမှုယုံကြည်စိတ်ချစားသုံးသူဘဝ (**Safe Products, Confident Consumers**) နှင့်အညီ ကျင်းပရခြင်းဖြစ်ပါကြောင်း၊ ဈေးကွက်အတွင်း လုံခြုံစိတ်ချရမှုရှိပြီးအရည်အသွေးကောင်းမွန်သော ထုတ်ကုန်များရရှိမှသာ စားသုံးသူများအနေဖြင့် ယုံကြည်စိတ်ချစွာ ဝယ်ယူအသုံးပြုနိုင်မှာ ဖြစ်သကဲ့သို့ ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်း မြင့်မားပြီး ကောင်းမွန်သော စီးပွားရေးပတ်ဝန်းကျင်ကောင်းကို ဖော်ဆောင်နိုင်မှာဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံနိုင်ငံ စားသုံးသူကာကွယ်ရေးကော်မတီတွင် အဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ အာဆီယံစားသုံးသူကာကွယ်ရေး မဟာဗျူဟာလုပ်ငန်းစီမံချက် (၂၀၂၆-၂၀၃၀) ကို အာဆီယံနိုင်ငံများနှင့်အတူလိုက်ပါ ဆောင်ရွက်လျက်ရှိပါကြောင်း၊ စားသုံးသူဘေးအန္တရာယ်ကင်းရှင်းရေးအတွက် အသိပညာပေးခြင်း၊ ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်း၊ ကုန်အညွှန်းအမှတ်အသားများ စိစစ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း သိရှိရပါသည်။

ဆက်လက်၍ စားသုံးသူရေးရာဦးစီးဌာန၏ စားသုံးသူကာကွယ်ရေးဆိုင်ရာလုပ်ငန်းဆောင်ရွက်မှု Video Clip ပြသခြင်း၊ ဌာနဂုဏ်ပြုသီချင်းဖြင့် တေးသရုပ်ဖော်သီဆိုကပြဖျော်ဖြေ တင်ဆက်ကပြခြင်း၊ စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့ပြီးနောက် တာဝန်ရှိသူများက ကော်မရှင်အဖွဲ့ဝင်များအား အထိမ်းအမှတ်လက်ဆောင်များပေးအပ်ခြင်း၊ ခေတ်မီ **Digital** နည်းပညာကို အသုံးပြု၍ မြန်မာဆန်စပါးအွန်လိုင်း **MyRO** ကို အကောင်အထည်ဖော်နိုင်ခဲ့ခြင်းအတွက် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်သို့ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြပြီး တာဝန်ရှိသူများက ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲတွင် ပထမဆုရရှိသည့် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနက ဒေါက်တာပြည့်ထူး၊ လက်ထောက်ညွှန်ကြားရေးမှူးနှင့် ကာတွန်းပြိုင်ပွဲတွင် ပထမဆုရရှိသည့် စားသုံးသူရေးရာဦးစီးဌာနက ဒေါ်အေးမြတ်မွန်၊ အငယ်တန်းစာရေးတို့ကို တွဲဖက်အတွင်းရေးမှူး၊ ကုန်သွယ်မှုနှင့်ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးဗဟိုကော်မတီက လည်းကောင်း ၊ ဆောင်းပါးပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဒေါ်နန်းနွဲ့သိင်္ဂီ၊ လက်ထောက်ညွှန်ကြားရေးမှူးနှင့် ကာတွန်းပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် သင်ကြားရေးဆေးရုံကြီး (မကွေးမြို့) ဦးရဲဝင်းအောင်၊ အငယ်တန်းဝန်ထမ်းတို့ကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်ကလည်းကောင်း ၊ ဆောင်းပါးပြိုင်ပွဲတွင် တတိယဆုရရှိသည့် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း စွမ်းအင်ဝန်ကြီးဌာနက ဒေါ်ထွန်းအိန္ဒြာကျော်၊ လက်ထောက်မန်နေဂျာနှင့် ကာတွန်းပြိုင်ပွဲတွင်

စာမျက်နှာ ၄ ကော်လံ ၁ သို့

*စာမျက်နှာ ၃ မှ အဆက်*

တတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနက ဦးဟန်ကိုကျော်၊ အငယ်တန်းစာရေးတို့ကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က လည်းကောင်း၊ ဆောင်းပါးပြိုင်ပွဲတွင် နှစ်သိမ့်ဆု (၁) ရရှိသည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ နေပြည်တော်ဦးစီးမှူးရုံးက ဒေါ်ခြူးရွှေစင်၊ ဦးစီးအရာရှိနှင့် ကာတွန်းပြိုင်ပွဲတွင် နှစ်သိမ့်ဆု (၁) ရရှိသည့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (သာယာဝတီခရိုင်) က ဒေါ်ဇာလီဝင့်ကျော်၊ ကွန်ပျူတာလုပ်ဆောင်ရေးမှူးတို့ကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မူပိုင်ခွင့်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က လည်းကောင်း၊ ဆောင်းပါးပြိုင်ပွဲတွင် နှစ်သိမ့်ဆု (၂) ရရှိသည့် စားသုံးသူရေးရာဦးစီးဌာနက ဒေါ်ကဇင်ယု၊ လက်ထောက်ညွှန်ကြားရေးမှူးနှင့် ကာတွန်းပြိုင်ပွဲတွင် နှစ်သိမ့်ဆု (၂) ရရှိသည့်နည်းပညာ တက္ကသိုလ်က ဒေါ်ဝင်းစန္ဒာထွန်း၊ တတိယနှစ်တို့ကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနက ဒုတိယညွှန်ကြားရေးမှူးချုပ်က လည်းကောင်း ဆုချီးမြှင့်ခဲ့ကြပြီး ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေးအတွက် ရည်ရွယ်ကျင်းပခဲ့သည့် ကျပန်းစကားပြောပြိုင်ပွဲ ၊ ဝန်ထမ်းကျင့် ဝတ်အပါး ၃၀ ရွတ်ဆိုမှုပြိုင်ပွဲနှင့် ကွန်ပျူတာကျွမ်းကျင်မှု ပြိုင်ပွဲများမှ ဆုရရှိသည့် ဝန်ထမ်းများကိုလည်း ဆုများချီးမြှင့်ခဲ့ပါကြောင်း သတင်းရရှိပါသည်။

Source: ကော်မရှင်

## စားသုံးသူကာကွယ်ရေး ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးများ ကျင်းပ

စားသုံးသူကာကွယ်ရေးဥပဒေပုဒ်မ ၁၇၊ ပုဒ်မခွဲ(က)အရ စားသုံးသူကာကွယ်ရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ရန်၊ စားသုံးသူနှင့်စီးပွားရေးလုပ်ငန်းရှင်တို့အကြား အငြင်းပွားမှုဆိုင်ရာကိစ္စရပ်များကို ဖြေရှင်းပေးရန် နှင့် အတည်ပြုဆုံးဖြတ်ပေးရန် တို့ အတွက် မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်၏ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၄/၂၀၂၂) ဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်စားသုံးသူရေးရာကော်မတီများကို ဖွဲ့စည်းတာဝန်ပေးအပ်ထားရှိပါသည်။ အဆိုပါ စားသုံးသူရေးရာကော်မတီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အနည်းဆုံး သုံးလလျှင် တစ်ကြိမ်ကျင်းပရမည်ဖြစ်ရာ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း ဧရာဝတီတိုင်းဒေသကြီး စားသုံးသူရေးရာကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၂၄-၂-၂၀၂၆ ရက်နေ့တွင် လည်းကောင်း၊ ကရင်ပြည်နယ်နှင့် ချင်းပြည်နယ် စားသုံးသူရေးရာကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးများကို ၂၅-၂-၂၀၂၆ ရက်နေ့တွင်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးစားသုံးသူရေးရာကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးများကို ၂၆-၂-၂၀၂၆ ရက်နေ့တွင်လည်းကောင်း စုစုပေါင်း (၆) ကြိမ် ကျင်းပပြုလုပ်နိုင်ခဲ့ကြောင်း သတင်းရရှိပါသည်။

Source: ကော်မရှင်



*စာမျက်နှာ ၂၄ မှအဆက်*

မှတ်ပုံတင်ခြင်း လုပ်ငန်းများကို သို့လှောင်ရုံအကျယ်အဝန်း သတ်မှတ်ချက်များအလိုက် အုပ်စု ၄ စုခွဲ၍ ကောက်ခံလျက်ရှိရာ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်နေ့မှ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့ထိ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် မှတ်ပုံတင်ထားသည့် ဆန်စပါးသို လှောင်ရုံ ၅,၆၅၃ လုံး မှတ်ပုံတင်ထားရှိပါသည်။

| စဉ် | တိုင်းဒေသကြီး | ကုမ္ပဏီ | | | လုပ်ငန်းရှင်/တစ်ဦးချင်း | | | သိုလှောင်ရုံပေါင်း |
|---|---|---|---|---|---|---|---|---|
| | | အသေးစား | အလတ်စား | အကြီးစား | အသေးစား | အလတ်စား | အကြီးစား | |
| ၁ | စစ်ကိုင်းတိုင်းဒေသကြီး | ၀ | ၁ | ၂ | ၅၃ | ၅၄ | ၇၆ | ၁၈၆ |
| ၂ | တနင်္သာရီတိုင်းဒေသကြီး | ၀ | ၀ | ၀ | ၁၀၆ | ၁၂ | ၅ | ၁၂၃ |
| ၃ | နေပြည်တော်ကောင်စီနယ်မြေ | ၀ | ၁ | ၉ | ၆၂ | ၇၈ | ၂၅ | ၁၇၅ |
| ၄ | ပဲခူးတိုင်းဒေသကြီး | ၂ | ၃ | ၂၄ | ၁၆၆ | ၅၆၂ | ၃၂၀ | ၁၀၇၇ |
| ၅ | မကွေးတိုင်းဒေသကြီး | ၀ | ၀ | ၁ | ၁၅၈ | ၁၈၉ | ၃၅ | ၃၈၃ |
| ၆ | မန္တလေးတိုင်းဒေသကြီး | ၁ | ၇ | ၁၉ | ၂၆၀ | ၁၉၀ | ၅၄ | ၅၃၁ |
| ၇ | ရန်ကုန်တိုင်းဒေသကြီး | ၂ | ၁၄ | ၂၀၄ | ၂၇၁ | ၃၂၆ | ၁၄၀ | ၉၅၇ |
| ၈ | ဧရာဝတီတိုင်းဒေသကြီး | ၀ | ၂၃ | ၆၇ | ၃၈၁ | ၇၇၅ | ၆၂၁ | ၁၈၆၇ |
| ၉ | ကချင်ပြည်နယ် | ၀ | ၀ | ၀ | ၁ | ၂ | ၀ | ၃ |
| ၁၀ | ကရင်ပြည်နယ် | ၀ | ၀ | ၂ | ၂၆ | ၁၆ | ၃ | ၄၇ |
| ၁၁ | မွန်ပြည်နယ် | ၀ | ၀ | ၁ | ၆၄ | ၇၅ | ၁၁ | ၁၅၁ |
| ၁၂ | ရခိုင်ပြည်နယ် | ၀ | ၁ | ၀ | ၀ | ၁ | ၀ | ၂ |
| ၁၃ | ရှမ်းပြည်နယ် | ၀ | ၄ | ၂ | ၅၈ | ၆၂ | ၂၅ | ၁၅၁ |
| စုစုပေါင်း | | ၅ | ၅၄ | ၃၃၁ | ၁၆၀၆ | ၂၄၄၂ | ၁၃၁၅ | ၅၆၅၃ |

Source: သတင်း/နည်း

## မြန်မာ့စိုက်ပျိုးရေးထွက်ကုန်များ ဘေးကင်းလုံခြုံစေခြင်းဖြင့် ပို့ကုန်တည်ငြိမ်မှုကို တည်ဆောက်ခြင်း အလုပ်ရုံဆွေးနွေးပွဲ

အာဆီယံ-ဂျပန်စင်တာ၏ ၂၀၂၅ ဘဏ္ဍာရေးနှစ် ရန်ပုံငွေဖြင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနက ဦးဆောင်၍ မြန်မာ့စိုက်ပျိုးရေးထွက်ကုန်များ ဘေးကင်းလုံခြုံစေခြင်းဖြင့်

*စာမျက်နှာ ၂၆ ကော်လံ ၁ သို့*

# သတင်းအချက်အလက်၊ နည်းပညာနှင့် အရည်အသွေးစီမံခန့်ခွဲမှုကဏ္ဍ

## ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း ဓာတ်ခွဲစမ်းသပ် ဆောင်ရွက်ခဲ့မှုအခြေအနေ



သတင်းအချက်အလက်နည်းပညာနှင့် အရည်အသွေးစီမံခန့်ခွဲရေးဌာနခွဲ၊ ကုန်ပစ္စည်းစမ်းသပ်စစ်ဆေးရေးနှင့် အရည် အသွေးစီမံခန့်ခွဲမှုဌာနစု (လှည်းကူး) ၏ ဓာတ်ခွဲခန်းများမှ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း လုပ်ငန်းရှင် ၁၅ ဦးက အပ်နှံလာသော သီးနှံအမျိုးအစား ၇ မျိုး၊ စုစုပေါင်းနမူနာအရေအတွက် ၄၈ ခု၊ ဓာတ်ခွဲစမ်းသပ်မှုပေါင်း ၈၅ ခုကို ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းများ ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း လယ်ယာထွက်ကုန် ပို့ကုန်များအား တရုတ်၊ ဂျပန် နှင့် အီတလီနိုင်ငံများသို့ တင်ပို့နိုင်ရေးအတွက် ဆန်ဖြူ၊ ဆန်ကွဲ၊ ပြုတ်ဆန်ကွဲ၊ နှမ်းနက်သိပ္ပံ၊ ပဲတီစိမ်း၊ မုယောစပါးနှင့် ထောပတ်ပဲတို့တွင် ပိုးသတ်ဆေး ဓာတ်ကြွင်းပါရှိမှု၊ မှိုဆိပ်ပါရှိမှု၊ သီးနှံဓာတုအရည်အသွေးနှင့် သီးနှံရူပအရည်အသွေးစသည့် ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ပါကြောင်း၊ ဓာတ်ခွဲခန်းအလိုက် ဓာတ်ခွဲစမ်းသပ်မှုအနေဖြင့် ပိုးသတ်ဆေးဓာတ်ကြွင်းဓာတ်ခွဲခန်းမှ ၃၉ ခု၊ မှိုဆိပ်ဓာတ်ခွဲခန်းမှ ၄ ခု၊ ဆီနှင့်ဆီထွက်သီးနှံဓာတ်ခွဲခန်းမှ ၇ ခု၊ သီးနှံဓာတုဓာတ်ခွဲခန်းမှ ၂၉ ခု၊ သီးနှံရူပ ဓာတ်ခွဲ ခန်းမှ ၆ ခု၊ စုစုပေါင်းဓာတ်ခွဲစမ်းသပ်မှု ၈၅ ခု ဆောင်ရွက်နိုင်ခဲ့ကြောင်း သတင်းရရှိပါသည်။ **Source: သတင်း/နည်း**

## မြန်မာဆန်စပါးအွန်လိုင်း (Myanmar Rice Online - MyRO) တွင် ဆန်စပါးသိုလှောင်ရုံများ မှတ်ပုံတင်ထားရှိမှု

ဆန်စပါးသိုလှောင်မှုလုပ်ငန်းများ၊ သိုလှောင်မှုအခြေအနေများနှင့် နိုင်ငံအနှံ့ရှိ သိုလှောင်ရုံများကို ဒီဂျစ်တယ်နည်းလမ်းဖြင့် စနစ်တကျမှတ်ပုံတင်နိုင်သည့် မြန်မာဆန်စပါးအွန်လိုင်း (Myanmar Rice Online – My RO) အား စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့ ပူးပေါင်း၍ ၂၀၂၃ ခုနှစ် နိုဝင်ဘာလ ၃ ရက်နေ့မှစတင်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာဆန်စပါးအွန်လိုင်း (My RO) တွင် အွန်လိုင်းစနစ်ဖြင့် သိုလှောင်ရုံ

*စာမျက်နှာ ၂၅ ကော်လံ ၁ သို့*



# စားသုံးသူတိုင်ကြားမှုနှင့် ဖြေရှင်းပေးမှုကဏ္ဍ

## အမြန်ချောပို့လုပ်ငန်း ဝန်ဆောင်မှုနှင့်ပတ်သက်၍ တိုင်ကြားလာမှုအပေါ် ဖြေရှင်းပေးမှုအခြေအနေ



မန္တလေးတိုင်းဒေသကြီးနေ တိုင်ကြားသူတစ်ဦးသည် သစ်ခွမျိုးစေ့များအား အမြန်ချောပို့လုပ်ငန်းတစ်ခုဖြင့် မန္တလေးမြို့မှ ရန်ကုန်မြို့သို့ ၁၉-၁-၂၀၂၆ ရက်နေ့တွင် ပေးပို့ခဲ့ရာ (၂) ရက် ကြာမည်ဟုပြောပြီး ရန်ကုန်မြို့သို့ ၂၁-၁-၂၀၂၆ ရက်နေ့တွင် ရောက်ရှိသော်လည်း လိပ်စာပါနေရာသို့ ၂၆-၁-၂၀၂၆ ရက်နေ့အထိ ပေးပို့လာခြင်းမရှိသဖြင့် အမြန်ချောပို့လုပ်ငန်း၏ HR ဖုန်းသို့ ဆက်သွယ်ရာတွင် Block သွားသည့်အတွက် စားသုံးသူရေးရာဦးစီးဌာန၏ Consumer Call Center (၁၅၃၅) သို့ ခေါ်ဆိုတိုင်ကြားလာကြောင်း၊ အဆိုပါတိုင်ကြားမှုနှင့်ပတ်သက်၍ မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးမှ တာဝန်ရှိသူများက တိုင်ကြားခံရသည့် အမြန်ချောပို့လုပ်ငန်း လုပ်ကိုင်သူအား အာမခံပေးထားသည့် အချိန်ကာလအတွင်း ပြီးမြောက်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နောက်နောင် အမြန်ချောပို့လုပ်ငန်း လုပ်ဆောင်ရာတွင် အလားတူဖြစ်စဉ်များ ဖြစ်ပေါ်လာပါက စားသုံးသူကာကွယ်ရေးဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပုဒ်မ-၅၂ (က) အရ စီမံခန့်ခွဲရေးဆိုင်ရာ **သတိပေးခြင်း** အမိန့်အား ချမှတ်ခဲ့ပြီး တိုင်ကြားသူထံဆက်သွယ်၍ ဌာနမှ ဆောင်ရွက်ထားမှုများကို ရှင်းလင်းပြောကြားခဲ့ရာ တိုင်ကြားသူမှလည်း ကျေနပ်မှုရှိသောကြောင့် တိုင်ကြားမှုကို ပိတ်သိမ်းဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**Source: CICC**

## အိတ်ဝယ်ယူခြင်းနှင့်ပတ်သက်၍ တိုင်ကြားလာမှုအပေါ် ဖြေရှင်းပေးမှုအခြေအနေ

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်နေ တိုင်ကြားသူတစ်ဦးသည် အိတ်အရောင်းဆိုင် တစ်ဆိုင်မှ Long Champ Luxury Bag များအား အစစ်အမှန်ဖြစ်ကြောင်း ပြောဆိုရောင်းချလာသဖြင့် တစ်လုံးလျှင် တန်ဖိုးငွေကျပ် ၃၈၉,၉၀၀/- (၁) လုံးနှင့် တန်ဖိုးငွေကျပ် ၃၅၄,၃၀၀/-တန် (၁) လုံးတို့ကို စုစုပေါင်းတန်ဖိုးငွေကျပ် ၇၄၄,၂၀၀/-ဖြင့် ဝယ်ယူခဲ့ပြီး အိတ်များအား စစ်ဆေးရာတွင် အစစ်အမှန်မဟုတ်သည်ကို တွေ့ရှိရသဖြင့် တန်ဖိုးငွေပြန်အမ်းပေးရန် ပြောကြားသော်လည်း ပြန်အမ်းပေးခြင်းမရှိသောကြောင့် စားသုံးသူရေးရာဦးစီးဌာန၏ Website Complaint System သို့ ဆက်သွယ်တိုင်ကြားလာကြောင်း သိရှိရပါသည်။

*စာမျက်နှာ ၆ ကော်လံ ၁ သို့*

*စာမျက်နှာ ၅ မှအဆက်*

အဆိုပါ တိုင်ကြားမှုနှင့်ပတ်သက်၍ ဌာနမှ တာဝန်ရှိသူများက တိုင်ကြားခံရသည့် အိတ်အရောင်းဆိုင်မှ တာဝန်ရှိသူထံ အကြောင်းကြားဆောင်ရွက်ခဲ့ကြောင်း၊ နှစ်ဦးနှစ်ဖက်ညှိနှိုင်း ဖြေရှင်းရာတွင် ပြေလည်မှုမရရှိသဖြင့် ဌာနမှ တာဝန်ရှိသူများက စေ့စပ်ညှိနှိုင်းမှုများ ဆောင်ရွက်ပေးနိုင်ရန် တိုင်ကြားသူနှင့် တိုင်ကြားခံရသည့် အိတ်ဆိုင်မှ တာဝန်ရှိသူတို့အား ဌာနသို့ ခေါ်ယူ တွေ့ဆုံ ဆွေးနွေးခဲ့မှုအရ အိတ်ဆိုင်မှ တာဝန်ရှိသူက တိုင်ကြားသူအနေဖြင့် ၎င်းတို့ထံမှ မှာယူခဲ့သည့် အိတ် (၂) လုံး အနက် ငွေကျပ် ၃၈၉,၉၀၀/- တန်ဖိုးရှိ အိတ်မှာ အသုံးပြုပြီးဖြစ်ကြောင်း သိရှိရသဖြင့် ထိုအိတ်အတွက် ပြန်အမ်းငွေပေးအပ်နိုင်ခြင်းမရှိသော်လည်း အသုံးမပြုရသေးသည့် ငွေကျပ် ၃၅၄,၃၀၀/- တန်ဖိုးရှိ အိတ်အတွက် ပြန်အမ်းငွေပြန်လည်ပေးအပ်မည်ဖြစ်ကြောင်း ဆွေးနွေးခဲ့မှုအပေါ် တိုင်ကြားသူမှ ကျေနပ်လက်ခံသောကြောင့် အိတ်တန်ဖိုး ငွေကျပ် ၃၅၄,၃၀၀/-ကို လွှဲပြောင်းပေးပို့ခဲ့ပြီး တိုင်ကြားသူမှလည်း လက်ခံရရှိသဖြင့် တိုင်ကြားမှုကို ပိတ်သိမ်းဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**Source: CICC**

## ကားဝယ်ယူခြင်းနှင့်ပတ်သက်၍ တိုင်ကြားလာမှုအပေါ်ဖြေရှင်းပေးမှုအခြေအနေ



ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်နေ တိုင်ကြားသူတစ်ဦးသည် ကားအရောင်းပြခန်းတစ်ခုထံမှ SUZUKI အမျိုးအစား မော်တော်ယာဉ်ဝယ်ယူခဲ့ရာ မော်တော်ယာဉ် တန်ဖိုးငွေကျပ် ၅၇,၅၀၀,၀၀၀/- တွင် ဝင်ငွေခွန် ၅ ရာခိုင်နှုန်းပါဝင်နေမှုအပေါ် ၅ ရာခိုင်နှုန်းနှင့် ပတ်သက်သည့် စာရွက်စာတမ်းအထောက်အထားပေးရန် Car Showroom သို့ တောင်းဆိုခဲ့သော်လည်း ပေးအပ်နိုင်မှုမရှိသောကြောင့် စားသုံးသူရေးရာဦးစီးဌာန၏ Website Complaint System သို့ ဆက်သွယ်တိုင်ကြားလာကြောင်း သိရှိရပါသည်။

အဆိုပါ တိုင်ကြားမှုနှင့်ပတ်သက်၍ ဌာနမှ တာဝန်ရှိသူများက တိုင်ကြားခံရသည့် ကားအရောင်းပြခန်းမှ တာဝန်ရှိသူများထံ အကြောင်းကြား ဆောင်ရွက်ခဲ့ကြောင်း၊ ကားအရောင်းပြခန်းမှ တာဝန်ရှိသူများက တိုင်ကြားသူနှင့် ဆက်သွယ်ဖြေရှင်းရာတွင် နှစ်ဦးနှစ်ဖက်ပြေလည်မှုမရရှိသောကြောင့် ဌာနမှတာဝန်ရှိသူများက တိုင်ကြားသူနှင့် Car Service မှ တာဝန်ရှိသူများအား ဌာနသို့ ခေါ်ယူတွေ့ဆုံခဲ့ရာ ကားအရောင်းပြခန်းမှ တာဝန်ရှိသူများက အငြင်းပွားမှုဖြစ်ပွားနေသည့် ဝင်ငွေခွန် ၅ ရာခိုင်နှုန်းနှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းအထောက်အထားများအား ဌာနမှ တာဝန်ရှိသူများနှင့်တိုင်ကြားသူအား ရှင်းလင်းပြသခဲ့ရာ တိုင်ကြားသူမှ ကျေနပ်လက်ခံသောကြောင့် တိုင်ကြားမှုကို ပိတ်သိမ်းဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**Source: CICC**



*စာမျက်နှာ ၂၂ မှ အဆက်*

စီးပွားရေးလုပ်ငန်းရှင်များနှင့်တွေ့ဆုံခြင်းအနေဖြင့် ရှမ်းပြည်နယ်ဦးစီးမှူးရုံးတွင် ကော်ဖီထုတ်လုပ်သည့် စီးပွားရေးလုပ်ငန်းရှင်များ၊ တောင်ကြီးခရိုင်ဦးစီးမှူးရုံးတွင် ဆန်ရောင်းချသည့် စီးပွားရေးလုပ်ငန်းရှင်များ၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ နမ့်ချပ်ရပ်၊ ရပ်ကွက် (၁) ရှိ ဒိန်ချဉ်ထုတ်လုပ်သည့် စီးပွားရေးလုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ စီးပွားရေးလုပ်ငန်းရှင်များလိုက်နာဆောင်ရွက်ရမည့် တာဝန်များအကြောင်း အသိပညာပေးဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

**Source:** ပြည်နယ်ဦးစီးမှူးရုံးများ

**၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်၊ ဖေဖော်ဝါရီလ စားသုံးသူအသိပညာပေးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ**

| စဉ် | တိုင်းဒေသကြီး / ပြည်နယ် | လုပ်ငန်းဆောင်ရွက်သည့်အကြိမ်ပေါင်း | | | | | | | | | | | | | တိုင်းစားသုံးသူရေးရာကော်မတီ အစည်းအဝေး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဟောပြောသည့်နေရာ အရေအတွက် | | | | | | | | | | အလုပ်ရုံ ဆွေးနွေးပွဲ ကျင်းပခြင်း | လုပ်ငန်းရှင် တွေ့ဆုံ ဆွေးနွေးခြင်း | သင်တန်းများ ဖွင့်လှစ်ခြင်း | |
| | | ကျောင်း | တက္ကသိုလ် ကောလိပ် သိပ္ပံ | ရပ်ကွက် ကျေးရွာ | တပ်ရင်း+ ဌာန+ အသင်း | Online/ Media (Talk Show) | စက်ရုံ အလုပ်ရုံ | ဈေး | ပြခန်း | အခြား | စုစု ပေါင်း | | | | |
| ၁ | ကချင် | - | - | ၃ | - | - | ၁ | - | - | - | ၄ | - | ၅ | ၁ | - |
| ၂ | ကယား | - | ၁ | - | - | ၁ | - | - | - | - | ၂ | - | ၁ | - | - |
| ၃ | ကရင် | - | - | - | ၁ | - | ၁ | - | - | ၂ | ၄ | - | ၂ | ၁ | ၁ |
| ၄ | ချင်း | ၁ | - | - | - | ၁ | - | - | - | - | ၂ | - | ၁ | - | ၁ |
| ၅ | စစ်ကိုင်း | ၇ | - | ၁ | ၂ | ၂ | - | - | - | - | ၁၂ | - | ၂၂ | ၁ | ၁ |
| ၆ | တနင်္သာရီ | ၂ | - | - | ၄ | - | - | - | - | - | ၆ | - | ၇ | ၁ | - |
| ၇ | ပဲခူး | ၁၈ | ၂ | ၁၂ | ၅ | ၇ | - | - | - | - | ၄၄ | - | ၇၀ | ၁ | ၁ |
| ၈ | မကွေး | ၁၁ | - | ၄ | ၈ | ၅ | ၁ | ၂ | - | - | ၃၁ | - | ၅၁ | - | - |
| ၉ | မန္တလေး | ၂ | ၁ | ၁၀ | ၅ | ၇ | ၄ | ၁ | ၁ | ၁ | ၃၂ | - | ၄၄ | ၄ | ၁ |
| ၁၀ | မွန် | ၅ | - | - | ၁ | - | - | - | - | - | ၆ | - | ၄ | ၁ | - |
| ၁၁ | ရခိုင် | - | - | - | - | - | - | - | - | - | ၀ | - | ၁ | - | - |
| ၁၂ | ရန်ကုန် | ၅ | - | ၄ | ၂ | ၃ | ၂ | - | ၁ | - | ၁၇ | - | ၁၇ | ၁ | - |
| ၁၃ | ရှမ်းတောင် | - | - | ၁ | ၂ | ၁ | - | - | ၂ | - | ၆ | - | ၉ | - | - |
| ၁၄ | ရှမ်းမြောက် | - | ၁ | - | - | - | - | - | - | - | ၁ | - | ၄ | - | - |
| ၁၅ | ရှမ်းအရှေ့ | ၁ | - | - | ၁ | - | - | - | - | - | ၂ | - | ၁ | - | - |
| ၁၆ | ဧရာဝတီ | ၁၈ | - | ၁၆ | ၆ | ၂၁ | - | ၃ | ၁ | - | ၆၅ | - | ၃၅ | - | ၁ |
| ၁၇ | ပြည်ထောင်စုနယ်မြေ | - | - | ၂ | - | ၁ | - | ၁ | - | - | ၄ | - | ၂ | - | - |
| | ပြည်ထောင်စုချုပ် | ၇၀ | ၅ | ၅၃ | ၃၇ | ၄၉ | ၉ | ၇ | ၅ | ၃ | ၂၃၈ | - | ၂၇၆ | ၁၁ | ၆ |

**Source:** အသိပညာပေး

*စာမျက်နှာ ၂၁ မှအဆက်*

နှင့် ဆီလုပ်ငန်းရှင်များအသင်းတို့နှင့်တွေ့ဆုံ၍ စီးပွားရေး လုပ်ငန်းရှင်များအား စားသုံးသူအသိပညာပေးဟောပြော ခဲ့ရာ ဌာန၏ မျှော်မှန်းချက်၊ ရည်မှန်းချက်များအကြောင်း၊ ကုန်စည်များအပေါ် ကုန်အညွှန်းအမှတ်အသားဖော်ပြ ခြင်းနှင့် စားသုံးသူနစ်နာဆုံးရှုံးမှုများနှင့်ပတ်သက်၍ တိုင်ကြားနိုင်သည့် နည်းလမ်းများအကြောင်းတို့ကို အသိပညာပေးဟောပြောခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရှိရပါသည်။

**မွန်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** ချောင်းဆုံမြို့နယ်ရှိ အ.မ.က မုဒ္ဒန်း (အနောက်)ကျောင်းနှင့် အ.မ.က မုဒ္ဒန်း (၃) ကျောင်း၊ မော်လမြိုင်မြို့ရှိ အ.ထ.က (၈) ကျောင်း၊ (အ.လ.က-၆) (ခွဲ) ကျောင်း နှင့် အ.လ.က (၈) ကျောင်း၊ မုဒုံမြို့နယ်ရှိ အ.မ.က ကွမ်သဲသောင်ကျောင်းနှင့် အ.မ.က ကန်ကဝေးကျောင်း တို့ရှိ ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများ၊ သထုံခရိုင် ဘီးလင်းမြို့၊ ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနရှိ ခန်းမ၌ စားသုံးသူပြည်သူများအား စားသုံးသူအခွင့်အရေးနှင့်တာဝန်များ၊ စားသုံးသူထိခိုက် နစ်နာဆုံးရှုံးမှုရှိပါက တိုင်ကြားနိုင်သည့် နည်းလမ်းများ အကြောင်း အသိပညာပေးများ ဟောပြောခဲ့ကြောင်း၊ မော်လမြိုင်ခရိုင်ရှိ ကျိုက်မရောမြို့နယ်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပူးပေါင်း၍ Talk Show အစီအစဉ်ကျင်းပပြုလုပ်ခဲ့ ကြောင်း၊ ထို့နောက် ချောင်းဆုံမြို့နယ် ရွာလွတ်ကျေးရွာရှိ သရေကွင်းလုပ်ငန်းရှင်၊ ကျိုက်မရောမြို့နယ် ရှင်စောပု ရပ်ကွက်ရှိ စာရေးကိရိယာဆိုင်လုပ်ငန်းရှင်၊ ဘီးလင်း




မြို့နယ် ဝင်းပြန်ကျေးရွာ၊ ကျိုက်ထိုမြို့နယ် မြောက်ပိုင်း ရပ်ကွက်တို့ရှိ ယိုမျိုးစုံရောင်းဝယ်ရေးလုပ်ငန်းရှင်များ၊ မော်လမြိုင်မြို့မှ မုန့်လုပ်ငန်းရှင်၊ သဘာဝရှောက်ရည်နှင့် နာနတ်ပေါင်းရည်လုပ်ငန်းရှင်၊ အထက်တန်းဟင်း မွှေးမဆလာလုပ်ငန်းပိုင်ရှင်၊ စားသောက်ကုန်လုပ်ငန်း ပိုင်ရှင်၊ သစ်သီးယိုစုံ လုပ်ငန်းပိုင်ရှင်များနှင့်တွေ့ဆုံ၍ အွန်လိုင်းရောင်းချခြင်းအတွက် အွန်လိုင်းမှတ်ပုံတင် ပြုလုပ်ရန်၊ ဈေးနှုန်းမြင့်တင်ရောင်းချမှု မရှိစေရန်နှင့် စီးပွားရေးလုပ်ငန်းရှင်၏ တာဝန်များအား ဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။

**ရှမ်းပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** နမ့်ဆန်မြို့နယ် ဟိုက်ဖက်ကျေးရွာရှိ စားသုံးသူပြည်သူများ၊ ကျိုင်းတုံမြို့ ဝမ်မိုင် ကျေးရွာရှိ ပြန်လည်ထူထောင်ရေးရေးစခန်းမှ စားသုံးသူပြည်သူများ၊ လားရှိုးမြို့ ပညာရေးဒီဂရီ ကောလိပ်ရှိ ဆရာဆရာမများနှင့် သင်တန်းသား သင်တန်းသူများအား စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာများ ဟောပြောခဲ့ကြောင်း၊ လွိုင်လင်မြို့ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပူးပေါင်း၍ Talk Show အစီအစဉ် ဆောင်ရွက်ခဲ့ကြောင်း၊

*စာမျက်နှာ ၂၁ ကော်လံ ၁ သို့*



## ဖုန်းပြုပြင်ရေးဆိုင်ဝန်ဆောင်မှုနှင့်ပတ်သက်၍ တိုင်ကြားလာမှုအပေါ် ဖြေရှင်းပေးမှုအခြေအနေ

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်နေ တိုင်ကြားသူတစ်ဦးသည် ဖုန်းပြုပြင်ရေးဆိုင် တစ်ဆိုင်၌ ၎င်း၏ဖုန်း Redmi Note 8 အား ပြင်ဆင်ရန် ဝန်ဆောင်ခငွေ ကျပ် ၁၁၅,၀၀၀/- ဖြင့် အပ်နှံခဲ့ရာ ဖုန်းပြုပြင်မှု အဆင်မပြေသောကြောင့် ဝန်ဆောင်ခများ ပြန်လည်တောင်းခံရာ ငွေကျပ် ၉၅,၀၀၀/- သာ ပေးအပ် သဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website Complaint System သို့ ဆက်သွယ်တိုင်ကြားလာ ကြောင်း၊ အဆိုပါတိုင်ကြားမှုနှင့်ပတ်သက်၍ ဌာနမှ တာဝန်ရှိသူများက ဖုန်းပြုပြင်ရေးဆိုင်မှ တာဝန်ရှိသူ များထံ အကြောင်းကြားဆောင်ရွက်ခဲ့ရာ ဖုန်းပြုပြင်ရေး ဆိုင်မှ တာဝန်ရှိသူက တိုင်ကြားသူထံ ဆက်သွယ်၍ ပေးအပ်ရန်ကျန်ရှိသည့် ငွေကျပ် ၂၀,၀၀၀/-အား Wave Pay ဖြင့် လွှဲပေးခဲ့ပြီးဖြစ်ပါကြောင်း ဌာနသို့ ဆက်သွယ်ပြန်ကြားလာသဖြင့် ဌာနမှတာဝန်ရှိသူက တိုင်ကြား သူအား ဆက်သွယ်မေးမြန်းခဲ့ရာ ငွေလက်ခံရရှိပါကြောင်း နှင့် တိုင်ကြားမှုကို ပိတ်သိမ်းလိုကြောင်း ပြန်လည် ပြောကြားလာသဖြင့် တိုင်ကြားမှုအား ပိတ်သိမ်း ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**Source: CICC**

**၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း CICC များသို့ တိုင်ကြားမှု၊ ဖြေရှင်းပြီးစီးမှုနှင့်ဖြေရှင်းရန်ကျန်စာရင်း**

| စဉ် | တိုင်းဒေသကြီး / ပြည်နယ် / ခရိုင် | ဖေဖော်ဝါရီလ တိုင်ကြားမှု | | တိုင်ကြားမှုနည်းလမ်းများ | | | | တိုင်ကြားမှု | | | ဖြေရှင်းပြီးစီးမှု | | | | ဖြေရှင်းရန်ကျန်ရှိမှု | ဆောင်ရွက်မှုအခြေအနေ (%) |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ကုန်စည် | ဝန်ဆောင်မှု | Website | FB Page/ စာ/ဖုန်း/ email | ၁၅၃၅ Call Center | ဦးစီးမှူးရုံး | ဇန်နဝါရီလ ဖြေရှင်းရန်ကျန် | ဖေဖော်ဝါရီလ | ပေါင်း | ဇန်နဝါရီလ လက်ကျန်မှ | ဖေဖော်ဝါရီလ ကုန်စည် | ဖေဖော်ဝါရီလ ဝန်ဆောင်မှု | ပေါင်း | | |
| ၁ | ကချင်ပြည်နယ် | | | | | | | | | | | | | | | |
| ၂ | ကယားပြည်နယ် | | | | | | | | | | | | | | | |
| ၃ | ကရင်ပြည်နယ် | | | | | | | | | | | | | | | |
| ၄ | ချင်းပြည်နယ် | | | | | | | | | | | | | | | |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | | | | | | | | | | | | | | | |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | | | | | | | | | | | | | | | |
| ၇ | ပဲခူးတိုင်းဒေသကြီး | | | | | | | ၂ | | ၂ | | | | ၀ | ၂ | ၀.၀၀% |
| ၈ | မကွေးတိုင်းဒေသကြီး | | | | | | | | | | | | | | | |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၁ | ၁၀ | ၄ | | ၁ | ၆ | ၆ | ၁၁ | ၁၇ | ၁ | | ၃ | ၄ | ၁၃ | ၂၃.၅၃% |
| ၁၀ | မွန်ပြည်နယ် | | ၃ | | ၂ | ၁ | | ၁ | ၃ | ၄ | | | | ၀ | ၄ | ၀.၀၀% |
| ၁၁ | ရခိုင်ပြည်နယ် | | | | | | | | | | | | | | | |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၃ | ၂၁ | ၁၆ | ၆ | | ၂ | ၂၈ | ၂၄ | ၅၂ | ၁၈ | | ၂ | ၂၀ | ၃၂ | ၃၈.၄၆% |
| ၁၃ | ရှမ်းပြည်နယ် | | ၁ | ၁ | | | | | ၁ | ၁ | | | ၁ | ၁ | ၀ | ၁၀၀.၀၀% |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | | | | | | | ၃ | | ၃ | | | | ၀ | ၃ | ၀.၀၀% |
| ၁၅ | ပြည်ထောင်စုနယ်မြေ | | | | | | | ၄ | | ၄ | ၂ | | | ၂ | ၂ | ၅၀.၀၀% |
| ၁၆ | စားသုံးသူရေးရာဦးစီးဌာန (ရုံးချုပ်) | | | | | | | | | | | | | | | |
| | စုစုပေါင်း | ၄ | ၃၅ | ၂၁ | ၈ | ၂ | ၈ | ၄၄ | ၃၉ | ၈၃ | ၂၁ | ၀ | ၆ | ၂၇ | ၅၆ | ၃၂.၅၃% |
| | | ၃၉ | | ၃၉ | | | | | | | | ၆ | | | | |

**Source: CICC**

## ထုတ်ကုန်လုံခြုံစိတ်ချရမှုကဏ္ဍ

### တိုင်းဒေသကြီးများအတွင်း ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်



စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းရေး၊ ထုတ်ကုန်များ လုံခြုံစိတ်ချရမှု ရှိစေရေး၊ ကုန်စည်နှင့်ဝန်ဆောင်မှုများ ဘေးအန္တရာယ် ကင်းရှင်းစွာ အသုံးပြုခွင့်ရရှိစေရေး၊ ဘေးအန္တရာယ်ရှိသော ကုန်စည်များ ဈေးကွက်အတွင်းမှ ပပျောက်သွားစေရေး၊ စားသုံးသူကာကွယ်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုရှိစေရေးတို့အတွက် တိုင်းဒေသကြီးများအလိုက် စားသုံးသူရေးရာကော်မတီက သတ်မှတ်ပေးထားသည့် တစ်နှစ်စာအတွင်း ဦးစားပေးဆောင်ရွက်မည့် ကုန်စည် (၁၀) မျိုးကို သက်ဆိုင်ရာ မိတ်ဖက်ဌာနအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဈေးကွက်စောင့်ကြည့် စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း -

**စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** ဈေးကွက်အတွင်းရောင်းချနေသော စားသောက်ကုန်များ၊ လူသုံးကုန်များ၊ စက်ရုံများ၊ ဆေးဝါးမျိုးစုံနှင့် စက်သုံးဆီများအား ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ရာ တစ်နှစ်စာအတွင်း ဦးစားပေးဆောင်ရွက်ရန် လျာထားသည့် ကုန်စည် (၁၀) မျိုးဖြစ်သည့် အသင့်သောက်အချိုရည်၊ နို့နှင့်နို့ထွက်ပစ္စည်းအမျိုးမျိုး၊ စည်သွပ်အစားအစာအမျိုးမျိုး၊ စားသုံးဆီအမျိုးမျိုး၊ အေးခဲအစားအစာအမျိုးမျိုး၊ သောက်ရေသန့်အမျိုးမျိုး၊ အရန်သင့်အစားအစာအမျိုးမျိုး၊ အာဟာရဖြည့်စွက်စာအမျိုးမျိုး၊ ကလေးကစားစရာ အရုပ်နှင့်ပစ္စည်းအမျိုးမျိုး၊ သွားတိုက်ဆေးအမျိုးမျိုးတို့အား ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်း (၂၈) ကြိမ် ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

**တနင်္သာရီတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** ထားဝယ်မြို့ ကမ်းနားဈေးအတွင်းရှိ မုန့်ဖုတ်၊ ခေါက်ဆွဲဖုတ် အရောင်းဆိုင်များ၊ ရပ်ကွက်ကုန်စုံဆိုင်များ၊ Shopping Center ၊ Mart များ၊ ဆေးဆိုင်များ၊ အလှကုန်ဆိုင်များ၊ မြိတ်မြို့ပေါ်ရှိ Mini Mart၊ အိမ်သုံးဆေးဝါးအရောင်းဆိုင်များ၊ ခနမုန့်တိုက်၊ ရွှေငါး ငါးမုန့်လုပ်ငန်းများ၊ မုန့်ဖုတ်၊ ခေါက်ဆွဲဖုတ်အရောင်းဆိုင်များ၊ ပုံကျွန်းရပ်ရှိ ကုန်စုံဆိုင်များ၊ ကန်ကြီးရပ်ရှိ နွေမိုး ဆောင်း Mini Mart များ၊ ကော့သောင်းမြို့ပေါ်ရှိ ဆေးဆိုင်များအား သွားရောက်၍ ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ရာ ကုန်ညွှန်းအမှတ်အသားဖော်ပြရာတွင် စားသုံးသူကာကွယ်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် အညီ ပြည့်စုံမှန်ကန်စွာဖော်ပြထားရှိရန်နှင့် သက်တမ်းလွန် ကုန်စည်များ ရောင်းချနေမှု ရှိ-မရှိ၊ သက်ဆိုင်ရာ ထောက်ခံချက်များ မပါရှိသည့် စားသုံးဆီများရောင်းချနေမှုများ ရှိ-မရှိ စစ်ဆေးခဲ့ပြီး အသိပညာလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရှိရပါသည်။

*စာမျက်နှာ ၉ ကော်လံ ၁ သို့*



*စာမျက်နှာ ၂၀ မှ အဆက်*

လပွတ္တာမြို့နယ်၊ ဝါးခယ်မမြို့နယ်ရှိ အလှကုန်နှင့် ကုန်မျိုးစုံဆိုင်နှင့်မုန့်မျိုးစုံဆိုင်များ၊ ညောင် တုန်းမြို့နယ်၊ ဓနုဖြူမြို့နယ်တို့ရှိ ဆန်စက်လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

**နေပြည်တော်ဦးစီးမှူးရုံးအနေဖြင့်** ပျဉ်းမနားမြို့နယ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရှိ ဝန်ထမ်းများ၊ ဥတ္တရသီရိမြို့နယ်၊ Ocean Seupercenter ရှိ စားသုံးသူပြည်သူများအား စားသုံးသူအခွင့်အရေးနှင့် တာဝန်များအကြောင်း အသိပညာပေးဆောင်ရွက်ခဲ့ကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်တွေ့ဆုံခြင်းနှင့် ပတ်သက်၍ ပုဗ္ဗသီရိမြို့နယ်၊ တပင်ရွှေထီးရပ်ကွက်ရှိ စားအုန်းဆီ လက်လီလက်ကားရောင်းချသည့် လုပ်ငန်းရှင်များအား ကုန်ပစ္စည်းထုတ်လုပ်ဖြန့်ဖြူးရောင်းချရာတွင် ပါဝင်ရမည့် ကုန်အညွှန်းအမှတ်အသားများ ပြည့်စုံစွာပါရှိရေးနှင့် အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေ အကြောင်း ဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။

**Source:တိုင်းဒေသကြီးဦးစီးမှူးရုံးများ**

### တိုင်းဒေသကြီးများတွင် အသိပညာပေးလုပ်ငန်းများဆောင်ရွက်

စားသုံးသူရေးရာဦးစီးဌာနရှိ ပြည်နယ်ဦးစီးမှူးရုံးများသည် စားသုံးသူအခွင့်အရေးနှင့်အကျိုးစီးပွားများကို ကာကွယ်ရန် စားသုံးသူပြည်သူများအား အသိပညာပေးခြင်း၊ စီးပွားရေးလုပ်ငန်းရှင်များအား စီးပွားရေးကျင့်ဝတ်၊ စည်းကမ်းနှင့်အညီ ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်နိုင်စေရန်အတွက် အသိပညာပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိရာ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီ လအတွင်း-

**ကချင်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** မြစ်ကြီးနားမြို့၊ ရှမ်းစုမြောက်ရပ်ကွက်ရှိ ကဖေးနှင့် အအေးမျိုးစုံရောင်းချသည့်လုပ်ငန်းရှင်၊ အောင်နန်းရပ်ကွက်ရှိ ဆန်မျိုးစုံရောင်းချသည့်လုပ်ငန်းရှင်၊ စက်ရုံ-အလုပ်ရုံ လုပ်သားများ၊ ဝိုင်းမော်မြို့ရှိ စားသုံးသူ ပြည်သူများနှင့် မိုးညှင်းမြို့၊ နားခါရပ်ကွက်ရှိ ကုန်မျိုးစုံရောင်းဝယ်ရေး



လုပ်ငန်းရှင်၊ ဆန်မျိုးစုံရောင်းဝယ်ရေးလုပ်ငန်းရှင်နှင့် ကျောက်ပန်းချီအမျိုးမျိုး ရောင်းဝယ်ရေးလုပ်ငန်းရှင်များ၊ အုတ်ကျင်းရပ်ကွက်၊ သိမ်အင်းရပ်ကွက်ရှိ စားသုံးသူ ပြည်သူများအား အစားအသောက်နှင့် ဆေးဝါးဆိုင်ရာ အသိပညာများ၊ မူးယစ်ဆေးဝါးအန္တရာယ်ဆိုင်ရာ အသိပညာများ၊ ရောနှောဆီအပါအဝင် စားသုံးဆီ အမျိုးမျိုးနှင့်စပ်လျဉ်း၍ သိကောင်းစရာများတို့ကို ဆွေးနွေးအသိပညာပေးခဲ့ကြောင်း သိရှိရပါသည်။

**ကရင်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** ဘားအံမြို့ရှိ ကောင်းထက်စံမုန့်လုပ်ငန်းရှင်၊ ဆန်ကုန်သည်များအသင်း

*စာမျက်နှာ ၂၂ ကော်လံ ၁ သို့*

*စာမျက်နှာ ၁၉ မှ အဆက်*

ဘုရင့်နောင် ဝင်းရှိ မော်တော်ယာဉ်ပိုင်လုပ်ငန်းရှင်၊ ရွှေပြည်သာမြို့နယ်၊ အင်းစိန်မြို့နယ်နှင့် ကော့မှူးမြို့နယ်တို့ရှိ အွန်လိုင်းစီးပွားရေးလုပ်ငန်းရှင်များ၊ သန်လျင်မြို့နယ်ရှိ ဖက်ရှင်ပစ္စည်းဆိုင်လုပ်ငန်းရှင်၊ အိမ်သုံးကုန်နှင့် ကလေးအသုံးအဆောင်ပစ္စည်းများရောင်းဝယ်ရေးလုပ်ငန်းရှင်၊ ဂျပန်ပစ္စည်းဆိုင်နှင့် လူသုံးကုန်ထုတ်လုပ်ရေးအရောင်းဆိုင်လုပ်ငန်းရှင်၊ လှိုင်သာယာမြို့နယ်ရှိ ဖက်ရှင်အသုံးအဆောင်ပစ္စည်းလုပ်ငန်းရှင်တို့အား စားသုံးသူကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ အသိပညာပေးဆွေးနွေးခဲ့ပြီး လက်ကမ်းစာစောင်များဖြန့်ဝေခဲ့ကြောင်းသိရှိရပါသည်။

**ဧရာဝတီတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** ကန်ကြီးထောင့်မြို့နယ် ကညင်ငူကျေးရွာရှိ အ. လ. က ကျောင်း၊ ရေကြည်မြို့နယ်ရှိ အ. ထ. က မြို့မကျောင်း၊ ကျွားချောင်ကျေးရွာရှိ အ. မ. က ကျောင်း၊ သာပေါင်းမြို့နယ် အဟောင်းပင်ချိုင်ကျေးရွာရှိ အ. လ. က (ခွဲ) ၊ ဝါးခယ်မြို့နယ် ရွှေလောင်းကျေးရွာရှိ အ. ထ. က ကျောင်း၊ ဝါးခယ်မမြို့နယ် ထုံးဘိုကျေးရွာရှိ အ. မ. က ကျောင်း၊ အိမ်မဲမြို့နယ်ရှိ ချောင်းဝ အ. မ. က ကျောင်း၊ လပွတ္တာမြို့ အမှတ် (၁) ရပ်ကွက်ရှိ အ. လ. က (ခွဲ) ကျောင်း၊ မော်လမြိုင်ကျွန်းမြို့နယ် လပွတ်တလုပ်ကျေးရွာ၊ မြောင်းမြမြို့နယ် သရော်ကွေကျေးရွာတို့ရှိ ကျေးရွာနေပြည်သူများ၊ ပန်းတနော်မြို့ အနောက်ပိုင်းရပ်ကွက်ရှိ ပြည်သူများ၊ မအူပင်မြို့နယ် သုံးခွဆိုင်ကျေးရွာရှိ ပြည်သူများ၊ ဖျာပုံမြို့နယ် ဂျိုဝါကြံခင်း အ. လ. က ကျောင်း၊ သမိန်ထော အ. ထ. က ကျောင်း၊ နတ်ချောင်းကျေးရွာမူလွန်ကျောင်း၊ ကျိုက်လတ်မြို့နယ် ကျီးချောင်အ. မ. က ကျောင်း၊ ကညင်ကုန်း အ. လ. က ကျောင်း၊ ဒေးဒရဲမြို့နယ် လေးအိမ်ကုန် အ. ထ. က ခွဲကျောင်း၊ မီးသတ်ဦးစီးဌာနရှိ ဝန်ထမ်းနှင့် မိသားစုဝင်များ၊ ဘိုကလေးမြို့နယ် ဘုရားချောင်းကျေးရွာနေ ပြည်သူများအား စားသုံးသူအခွင့်အရေးနှင့် တာဝန်များ၊ စားသုံးသူများ လိုက်နာဆောင်ရွက်ရမည့် အချက်များ၊ ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်း၊ စားသုံးသူနစ်နာဆုံးရှုံးမှုများရှိလျှင် တိုင်ကြားနိုင်သည့် နည်းလမ်းများအကြောင်း အသိပညာပေးဆွေးနွေးခဲ့ကြောင်း၊ ဇလွန်မြို့၊ ကြံခင်းမြို့၊ ဝါးခယ်မမြို့၊ အိမ်မဲမြို့၊ လပွတ္တာမြို့၊ မော်လမြိုင်ကျွန်းမြို့၊ မြောင်းမြမြို့နှင့် မအူပင်မြို့နယ်တို့ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပူးပေါင်း၍ စားသုံးသူကာကွယ်ရေးနှင့်စပ်လျဉ်းသည့် သိကောင်းစရာများ Talk Show ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။လုပ်ငန်းရှင်တွေ့ဆုံဆွေးနွေးခြင်းနှင့်ပတ်သက်၍ ပုသိမ်မြို့နယ်၊ ကန်ကြီးထောင့်မြို့နယ်နှင့် ကျောင်းကုန်းမြို့နယ်များရှိ ဆီလုပ်ငန်းရှင်များ၊ ရေကြည်မြို့နယ်နှင့် သာပေါင်းမြို့နယ်တို့ရှိ ကုန်စုံဆိုင်လုပ်ငန်းရှင်များ၊ ဟင်္သာတမြို့နယ်၊ ဇလွန်မြို့နယ်၊ မြန်အောင်မြို့နယ်တို့ရှိ အလှကုန်ဆိုင်များ၊ မုန့်မျိုးစုံဆိုင်လုပ်ငန်းရှင်များ၊ လေးမျက်နှာမြို့နယ်ရှိ မတ်ပဲစိုက်ပျိုးထုတ်လုပ်သူ လုပ်ငန်းရှင်များ၊ ကြံခင်းမြို့နယ်ရှိ ဆန်စက်လုပ်ငန်းရှင်းများ၊ အင်္ဂပူမြို့နယ်ရှိ စားသောက်ကုန်နှင့် မုန့်လုပ်ငန်းရှင်များ၊ မြောင်းမြမြို့နယ်၊ အိမ်မဲမြို့နယ်၊

*စာမျက်နှာ ၂၁ ကော်လံ ၁ သို့*



*စာမျက်နှာ ၈ မှအဆက်*

**ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** ပဲခူးခရိုင်အတွင်းရှိ ပဲခူး၊ သနပ်ပင်၊ ဝေါနှင့် ကဝမြို့နယ်တို့ရှိ ရပ်ကွက်ကုန်စုံဆိုင်များ၊ တောင်ငူခရိုင်အတွင်းရှိ တောင်ငူ၊ ရေတာရှည်၊ ဖြူးနှင့်အုတ်တွင်းမြို့နယ်တို့ရှိ မြို့မစည်ပင်သာယာဈေးနှင့် ရပ်ကွက်ကုန်စုံဆိုင်များ၊ ပြည်ခရိုင်အတွင်းရှိ ပန်းတောင်း၊ ရွှေတောင်နှင့် ပေါက်ခေါင်းမြို့နယ်တို့ရှိ စည်ပင်သာယာဈေးများ၊ ရပ်ကွက်ကုန်စုံဆိုင်များနှင့် စတိုးဆိုင်များ၊ သာယာဝတီခရိုင်အတွင်းရှိ သာယာဝတီ၊ ကြို့ပင်ကောက်၊ လက်ပံတန်း၊ မင်းလှ၊ အုတ်ဖိုနှင့် မိုးညိုမြို့နယ်တို့ရှိ စည်ပင်သာယာဈေးများ၊ ရပ်ကွက်ကုန်စုံဆိုင်များ၊ ညောင်လေးပင်ခရိုင်အတွင်းရှိ ညောင်လေးပင်၊ ပြွန်တန်ဆာ၊ကျောက်တံခါးနှင့် ဒိုက်ဦးမြို့နယ်များရှိ စည်ပင်သာယာဈေးများ၊ နတ်တလင်းခရိုင်အတွင်းရှိ ပေါင်းတည်၊ ဇီးကုန်း၊ နတ်တလင်းနှင့် သဲကုန်းမြို့နယ်တို့ရှိ ရပ်ကွက်ကုန်စုံဆိုင်များအား သက်ဆိုင်ရာမိတ်ဖတ်ဌာနဆိုင်ရာများနှင့် ပူးပေါင်း၍ ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းနှင့်စပ်လျဉ်း၍ မှန်ကန်ပြည့်စုံမှုရှိစေရေး၊ အွန်လိုင်းမှတဆင့် ဖြန့်ဖြူးရောင်းချလျက်ရှိသောလုပ်ငန်းရှင်များအနေဖြင့်လည်း အွန်လိုင်းမှတ်ပုံတင်ရှိထားစေရေး ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

**မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** တိုင်းဒေသကြီးအတွင်းရှိ ကုန်စုံဆိုင်များ၊ စတိုးဆိုင်များ၊ စည်ပင်သာယာဈေးများ၌ ရောင်းချလျက်ရှိသော ကုန်စည်များတွင် မြန်မာဘာသာဖြင့် ကုန်အညွှန်းအမှတ်အသားပြည့်စုံစွာ ဖော်ပြထားခြင်းရှိ-မရှိနှင့် သက်ဆိုင်ရာဌာန



များမှ စားသုံးရန်သုံးစွဲရန် မသင့်သော ကုန်စည်များအား ဈေးကွက်အတွင်း ရောင်းချခြင်းရှိ-မရှိ၊ ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းကို စည်ပင်သာယာဈေးတွင် (၁၂) ကြိမ်၊ မြို့ပေါ်ရှိရပ်ကွက်များတွင် (၂၂) ကြိမ်၊ ဆေးနှင့်ဆေးပစ္စည်းအရောင်းဆိုင်များတွင် (၂) ကြိမ်၊ စက်ရုံအလုပ်ရုံများတွင် (၁၈) ကြိမ်၊ စုစုပေါင်း (၅၄) ကြိမ်နှင့် အထူးဈေးကွက် စောင့်ကြည့်စစ်ဆေးခြင်းကို စက်သုံးဆီအရောင်းဆိုင်များတွင် (၄) ကြိမ်၊ စားသုံးဆီအရောင်းဆိုင်များတွင် (၅) ကြိမ်၊ ဆေးနှင့် ဆေးပစ္စည်းအရောင်းဆိုင်များတွင် (၁) ကြိမ်၊ စုစုပေါင်း (၁၀) ကြိမ် ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

**မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်ရှိ အာလူးကြော်လုပ်ငန်း၊ မုန့်လုပ်ငန်း၊ ချမ်းမြသာစည်မြို့နယ်၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မဟာအောင်မြေမြို့နယ်တို့ရှိ အသင့်စားမုန့်အမျိုးမျိုးနှင့် အသင့်စား ခေါက်ဆွဲခြောက်အမျိုးမျိုး၊လက်ဖက်နှင့် အသင့်စားမုန့်အမျိုးမျိုးတွင် ကုန်အညွှန်းအမှတ်အသား ပြည်စုံမှန်ကန်မှု ရှိ-မရှိ စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း၊ ကျောက်ဆည်မြို့၊ ညောင်ဦးမြို့၊

*စာမျက်နှာ ၁၀ ကော်လံ ၁ သို့*

*စာမျက်နှာ ၉ မှအဆက်*

ကျောက်ပန်းတောင်းမြို့၊ ဝမ်းတွင်းမြို့၊ မလှိုင်မြို့၊ ပျော်ဘွယ်မြို့၊ မိတ္ထီလာမြို့၊ သာစည်မြို့နှင့် ရမည်းသင်းမြို့တို့ရှိ စားသောက်ကုန်လုပ်ငန်းများ၊ ကုန်စုံဆိုင်များ၊ ဆေးဆိုင်များနှင့်ကလေးတစ်ကိုယ်ရည်သုံးပစ္စည်း အရောင်းဆိုင်များတွင် သက်တမ်းလွန် စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများရောင်းချနေခြင်း ရှိ-မရှိ၊ စံမညီဆေးဝါးများ ဈေးကွက်အတွင်း ရောင်းချခြင်း ရှိ-မရှိ၊ ကုန်အညွှန်းအမှတ်အသားပြည်စုံမှန်ကန်မှု ရှိ-မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

**ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့မဈေးများ၊ ကုန်တိုက်များ၊ ရပ်ကွက်ကုန်စုံဆိုင်များတွင် ရောင်းချလျက်ရှိသော သွားတိုက်ဆေးအမျိုးမျိုးနှင့် စားသုံးဆီအမျိုးမျိုး၊ တောင်ဒဂုံမြို့နယ်၊ ပန်းဘဲတန်းမြို့နယ်၊ လမ်းမတော်မြို့နယ်၊ သန်လျင်မြို့နယ်၊ ကျောက်တန်းမြို့နယ်နှင့် လှိုင်သာယာမြို့နယ်တို့တွင် စားသောက်ကုန်ထုတ်လုပ်ရောင်းချနေသော စက်ရုံ၊ အလုပ်ရုံများ၊ သဃ်န်းကျွန်းမြို့နယ်၊ အလုံမြို့နယ်နှင့် သုံးခွမြို့နယ်တို့တွင် ဆေးဝါးအမျိုးမျိုးရောင်းချနေသော ဆေးဆိုင်များ၊ လှိုင်သာယာမြို့နယ်ရှိ လူသုံးကုန်ထုတ်လုပ်ရောင်းချနေသော စက်ရုံ၊ အလုပ်ရုံတို့သို့ သွားရောက်၍ ကုန်အညွှန်းအမှတ်အသားပြည့်စုံစွာဖော်ပြထားခြင်းရှိ-မရှိ ကွင်းဆင်းစစ်ဆေးခဲ့ရာ မြန်မာဘာသာဖြင့် ပြည့်စုံစွာဖော်ပြထားပြီး ကုန်အညွှန်းအမှတ်အသားဖော်ပြချက်များနှင့် ကိုက်ညီမှုရှိကြောင်း သိရှိရပါသည်။




**ဧရာဝတီတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** ပုသိမ်မြို့နယ်အတွင်းရှိ ဆေးဆိုင်များ၊ ငပုတောမြို့နယ်၊ သာပေါင်းမြို့နယ်၊ ကန်ကြီးထောင့်မြို့နယ်အတွင်းရှိ ကုန်စုံဆိုင်များ၊ ဟင်္သာတခရိုင်အတွင်းရှိ စတိုးဆိုင်များ၊ ကုန်စုံဆိုင်များ၊ အလှကုန်ပစ္စည်း အရောင်းဆိုင်များ၊ မြောင်းမြမြို့၊ အိမ်မဲမြို့၊ ဝါးခယ်မမြို့၊ လပွတ္တာမြို့နှင့် မော်လမြိုင်ကျွန်းမြို့ပေါ်များရှိ အလှကုန်ဆိုင်များနှင့် ကုန်စုံဆိုင်များတွင် သက်တမ်းလွန်ကုန်ပစ္စည်းများ ရှိ-မရှိ၊ ကုန်အညွှန်းအမှတ်အသားပြည့်စုံမှန်ကန်မှုရှိ-မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း၊ ထို့နောက် မအူပင်မြို့နယ်၊ ပန်းတနော်မြို့နယ်၊ ညောင်တုန်းမြို့နယ်၊ ဓနုဖြူမြို့နယ်များအတွင်းရှိ ဆန်စက်များအား ကွင်းဆင်း၍ ဆန်စပါးလက်ကျန်၊ ဆန်ကြိတ်ခွဲထုတ်လုပ်မှု၊ စပါးဝယ်ယူမှုအခြေအနေနှင့် ဆန်စပါးဈေးနှုန်း ဈေးကွက်အခြေအနေများအား ကွင်းဆင်းစစ်ဆေး၍ အသေးစိတ်ရှင်းလင်း ဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

**Source: တိုင်းဒေသကြီးဦးစီးမှူးရုံးများ**



*စာမျက်နှာ ၁၈ မှ အဆက်*

ထားသိုရာတွင် သန့်ရှင်းမှုရှိစေရေး၊ သတ်မှတ်အချိုးအစားအတိုင်း Label ကပ်၍ ရောင်းချရေးနှင့် လုပ်ငန်းရှင်များ လိုက်နာရမည့် တာဝန်များအကြောင်း အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

**မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** ပြည်ကြီးတံခွန်မြို့နယ်ရှိ ဆံတော်ရှင်ဘုန်းတော်ကြီးသင်ပညာရေးမူလွန်ကျောင်း၊ အမရပူရမြို့နယ်ရှိ မန္တလာတက္ကသိုလ်၊ ပျော်ဘွယ်မြို့နယ် မြို့မရပ်ကွက်နှင့် ကျူတောဝကျေးရွာရှိ ပြည်သူများ၊ မိတ္ထီလာမြို့နယ်၊ ထနောင်းကုန်းကျေးရွာနှင့် ဆည်ကုန်းကျေးရွာရှိ စားသုံးသူပြည်သူများ၊ ညောင်ဦးခရိုင်ရှိ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် သာလွန်ကျေးရွာနှင့် စဥ့်ကိုင်မြို့နယ်၊ ညောင်ပင်ကြီးကျေးရွာတို့ရှိ ပြည်သူများအား စားသုံးသူကာကွယ်ရေးအကြောင်း အသိပညာပေးဟောပြောခဲ့ပြီး မြစ်သားမြို့နယ်၊ ပြင်ဦးလွင်မြို့နယ်၊ မိတ္ထီလာမြို့နယ်၊ သာစည်မြို့နယ်၊ မြင်းခြံမြို့နယ်၊ ညောင်ဦးမြို့နယ်၊ ကျောက်ပန်းတောင်းမြို့နယ်များရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပူးပေါင်း၍ စားသုံးသူကာကွယ်ရေးနှင့်စပ်လျဉ်းသည့် သိကောင်းစရာများအား Talk Show ဆောင်ရွက်ခဲ့ကြောင်း၊ ထို့နောက် ပြည်ကြီးတံခွန်မြို့နယ်၊ အမရပူရမြို့နယ်နှင့် ကျောက်ဆည်မြို့နယ်တို့ရှိ မုန့်မျိုးစုံလုပ်ငန်းရှင်နှင့် စားသောက်ကုန်ရောင်းချသည့် လုပ်ငန်းရှင်များ၊ အိမ်ခြံမြေရောင်းဝယ်သည့် လုပ်ငန်းရှင်များ၊ မြင်းခြံမြို့နယ်အတွင်းရှိ MSME လုပ်ငန်းရှင်များနှင့်လည်း တွေ့ဆုံဆွေးနွေးအသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

**ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** အလုံမြို့နယ်ရှိ အ. မ. က (၁၁)၊ ကမာရွတ်မြို့နယ်ရှိ အ. ထ. က (၁)၊ မရမ်းကုန်းမြို့နယ်ရှိ အ. လ. က (၄) တို့ရှိ ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများ၊ မြောက်ဥက္ကလာပမြို့နယ်ရှိ အောင်မင်္ဂလာအဝေးပြေးဝင်းရှိ စားသုံးသူပြည်သူများ၊ ဒေါပုံမြို့နယ်ရှိ ဗိုလ်ထွန်းဇံရပ်ကွက်ရှိ စားသုံးသူပြည်သူများ၊ ကွမ်းခြံကုန်းမြို့နယ်ရှိ အ. မ. က မြေနီကုန်းကျောင်းနှင့် တွံတေးမြို့နယ်ရှိ အ. မ. က ရန်ကင်းကျေးရွာကျောင်းတို့ရှိ ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများ၊ ကွမ်းခြံကုန်းမြို့နယ်၊ မှော်ဘီမြို့နယ်နှင့် ရွှေပြည်သာမြို့နယ်တို့ရှိ စားသုံးသူပြည်သူများအား စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောခဲ့ကြောင်း၊ ထို့နောက် သုံးခွမြို့နယ်၊ ခရမ်းမြို့နယ်နှင့် ရွှေပြည်သာမြို့နယ်တို့ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပူးပေါင်း၍ စားသုံးသူကာကွယ်ရေးဆိုင်ရာအသိပညာပေး Talk Show အစီအစဉ်များ ဆောင်ရွက်ခဲ့ကြောင်း၊ ထို့အပြင် မြောက်ဥက္ကလာပမြို့နယ်ရှိ အောင်မင်္ဂလာကားဝင်းရှိ မော်တော်ယာဉ်ပိုင်လုပ်ငန်းရှင်၊ တောင်ဒဂုံမြို့နယ်ရှိ အာလူးကြော်မျိုးစုံအရောင်းဆိုင်နှင့် မုန့်မျိုးစုံအရောင်းဆိုင် လုပ်ငန်းရှင်များ၊ ကျောက်တန်းမြို့နယ်ရှိ ငှက်သိုက်ကုန်ကြမ်းနှင့် ကုန်ချောများ စားသောက်ကုန်လုပ်ငန်းရှင်၊ မရမ်းကုန်းမြို့နယ်

*စာမျက်နှာ ၂၀ ကော်လံ ၁ သို့*

*စာမျက်နှာ ၁၇ မှ အဆက်*

လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရှိရပါသည်။

**မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** မကွေးခရိုင် တောင်တွင်းကြီးမြို့၊ ချောက်မြို့၊ ရေနံချောင်းမြို့များမှ အ.ထ.က၊ အ.လ.က၊ အ.မ.က ကျောင်းများရှိ ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများ၊ မင်းဘူးခရိုင် မင်းဘူးမြို့၊ စလင်းမြို့၊ ပွင့်ဖြူမြို့များရှိ မော်တော်ယာဉ်လိုင်းများအား စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေးခြင်း၊ မင်းဘူးမြို့၊ မင်းလှမြို့၊ စလင်းမြို့နှင့် ပွင့်ဖြူမြို့များရှိ မိဘပြည်သူများ၊ ပွင့်ဖြူမြို့ရှိ မြို့မဈေးမှ ဈေးသားဈေးသူများ၊ သရက်မြို့၊ ပခုက္ကူမြို့၊ ဂန့်ဂေါမြို့များမှ အ.ထ.က၊ အ.လ.က၊ အ.မ.က ကျောင်းများရှိ ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများ၊ သရက်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ရပ်ကျေးစာရေးများ၊ ဆိပ်ဖြူမြို့ ရွာသစ်ရပ်ရှိ ဆုတောင်းပြည့်ဘုန်းကြီးကျောင်းမှ ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများအား စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာများ ဟောပြောခဲ့ကြောင်း၊ ထို့အပြင် ဂန့်ဂေါမြို့၊ ချောက်မြို့၊ ရေနံချောင်းမြို့၊ သရက်မြို့၊ အောင်လံမြို့နှင့် ဆင်ပေါင်ဝဲမြို့များရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်ပူးပေါင်း၍ စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေး Talk Show အစီအစဉ်များ ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခြင်းအနေဖြင့် မကွေးမြို့၊ တောင်တွင်းကြီးမြို့၊ ချောက်မြို့၊ နတ်မောက်မြို့၊




သရက်မြို့၊ အောင်လံမြို့၊ ဆင်ပေါင်ဝဲမြို့၊ ပခုက္ကူမြို့၊ ဆိပ်ဖြူမြို့နှင့် ရေနံချောင်းမြို့များရှိ စတိုးဆိုင်များ၊ ကုန်မျိုးစုံအရောင်းဆိုင်များ၊ စားသောက်ကုန်လုပ်ငန်းရှင်များ၊ မကွေးမြို့၊ ချောက်မြို့နှင့် ရေနံချောင်းမြို့၊ ပွင့်ဖြူမြို့နှင့် စလင်းမြို့များရှိ ဆန်ရောင်းချ သည့် လုပ်ငန်းရှင်များ၊ မကွေးမြို့၊ မင်းဘူးမြို့၊ ပွင့်ဖြူမြို့၊ စလင်းမြို့၊ ပခုက္ကူမြို့နှင့် ဆိပ်ဖြူမြို့များရှိ အွန်လိုင်းစနစ်ဖြင့် ရောင်းချသည့် လုပ်ငန်းရှင်များနှင့် စားသုံးဆီရောင်းချသည့်လုပ်ငန်းရှင်များ၊ မကွေးမြို့၊ တောင်တွင်းကြီးမြို့၊ သရက်မြို့နှင့် ဂန့်ဂေါမြို့များရှိ ဆေးနှင့်ဆေးပစ္စည်းရောင်းချသည့် လုပ်ငန်းရှင်များ၊ ချောက်မြို့ရှိ ဖုန်းဆိုင်လုပ်ငန်းရှင်၊ မကွေးမြို့ရှိ ကားနှင့်ဆိုင်ကယ်အပိုပစ္စည်း အရောင်းဆိုင်လုပ်ငန်းရှင်များ၊ မကွေးမြို့ရှိ ကလေးပစ္စည်းအရောင်းဆိုင်လုပ်ငန်းရှင်များ၊ မြို့သစ်မြို့၊ သရက်မြို့၊ အောင်လံမြို့များရှိ ရေသန့်ရောင်းချသည့် လုပ်ငန်းရှင်၊ မင်းဘူးမြို့ရှိ စတိုးဆိုင်၊ ကုန်မျိုးစုံအရောင်းဆိုင်၊ စားသောက်ကုန်လုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ တားမြစ်ထားသော ပစ္စည်းများရောင်းချခြင်းမရှိစေရေးနှင့် သတ်မှတ်ဈေးနှုန်းထက် ပိုမိုရောင်းချမှုမရှိစေရေး၊ အွန်လိုင်းစနစ်ဖြင့် ရောင်းချပါက Online မှတ်ပုံတင်လက်မှတ်လျှောက်ထားရန်နှင့် လက်မှတ်ရရှိသူ၏တာဝန်များ ဖောက်ဖျက်မှုမရှိစေရေး၊ စားသုံးဆီများ

*စာမျက်နှာ ၁၉ ကော်လံ ၁ သို့*



## ပြည်နယ်များအတွင်း ဈေးကွက်စောင့်ကြည့် စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်

စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် စားသုံးသူများ အသုံးပြုလျက်ရှိသည့် ကုန်စည်နှင့်ဝန်ဆောင်မှုများ ဘေးအန္တရာယ်ကင်းရှင်းစွာ အသုံးပြုခွင့်ရရှိစေရေး၊ စားသုံးသူကာကွယ်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုရှိစေရေးအတွက် သက်ဆိုင်ရာ ပြည်နယ်များအလိုက် ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလအတွင်း-

**ကချင်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** မြစ်ကြီးနားမြို့ရှိ ကြက်ပေါင်ခြံရပ်ကွက်၊ မြေမြင့်ရပ်ကွက်၊ မန်ခိန်ရပ်ကွက်၊ ရွှေစက်ရပ်ကွက်၊ ခေမာသီရိရပ်ကွက်၊ ဒူကထောင်ရပ်ကွက်တို့နှင့် စည်ပင်သာယာရေးဈေးရှိ ကုန်စုံဆိုင်များ၊ ရန်ကြီးအောင်ရပ်ကွက်ရှိ ဆေးဆိုင်၊ လယ်ကုန်းရပ်ကွက်နှင့် ခေမာသီရိရပ်ကွက်ရှိ စတိုးဆိုင်များ၊ အောင်နန်းရပ်ကွက်ရှိ စားသောက်ကုန်လုပ်ငန်းများ၊ မန်ခိန်ရပ်ကွက်ရှိ သောက်ရေသန့်စက်ရုံ၊ မိုးညှင်းမြို့ရှိ အောင်သပြေရပ်ကွက်၊ အုတ်ကျင်းရပ်ကွက်၊ စိမ်းမြောက်ရပ်ကွက်၊ နောင်စွန်းရပ်ကွက်၊ နားခါရပ်ကွက်၊ သာစည်ရပ်ကွက်တို့နှင့် အမှတ် (၁) စည်ပင်သာယာဈေးရှိ ကုန်စုံဆိုင်များ၊ အမှတ် (၁) အ.ထ.ကကျောင်းရှိ ကျောင်းမုန့်ဈေးဆိုင်၊ စိမ်းမြောက်ရပ်ကွက်ရှိ ဆေးဆိုင်၊ နားခါရပ်ကွက်



နှင့် မြို့မရပ်ကွက်တို့ရှိ စတိုးဆိုင်များ၊ နောင်စွန်းရပ်ကွက်ရှိ မုန့်မျိုးစုံလုပ်ငန်း၊ မိုးညှင်းမြို့၊ ရန်ကင်းရပ်ကွက်ရှိ ကောင်းသန့်ဆီစက်တို့အား ဈေးကွက်စောင့်ကြည့် စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့ ဈေးကွက်စောင့်ကြည့်စစ်ဆေးရာ၌ အသင့်စားမုန့်အမျိုးမျိုး၊ နို့နှင့်နို့ထွက်ပစ္စည်းအမျိုးမျိုး၊ အသင့်ဖျော်ကော်ဖီနှင့်လက်ဖက်ရည်ထုပ်အမျိုးမျိုး၊ အအေးခဲအစားအစာအမျိုးမျိုး၊ အသင့်သောက်အချိုရည်အမျိုးမျိုး၊ အသင့်စားခေါက်ဆွဲခြောက်ထုပ်အမျိုးမျိုး၊ ငရုတ်ဆီနှင့် အချဉ်ရည်အမျိုးမျိုး၊ စည်သွပ်အစားအစာ အမျိုးမျိုး၊ ကလေးအသုံးအဆောင်ပစ္စည်းအမျိုးမျိုး၊ ဆေးဝါးနှင့်ဖြည့်စွက်စာအမျိုးမျိုး၊ အရန်သင့်အစားအစာအမျိုးမျိုး၊ စားသုံး ဆီအမျိုးမျိုးတို့ကို ဘေးအန္တရာယ်ကင်းရှင်းမှု ရှိ-မရှိ၊ ကုန်အညွှန်းအမှတ်အသားပြည့်စုံစွာ ဖော်ပြထားခြင်း ရှိ-မရှိ၊ သက်တမ်းလွန်စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများရောင်းချနေခြင်း ရှိ-မရှိ၊ စံမညီဆေးဝါးများ ဈေးကွက်အတွင်း ရောင်းချခြင်း ရှိ-မရှိ စစ်ဆေးခဲ့ကြောင်း သိရှိရပါသည်။

*စာမျက်နှာ ၁၂ ကော်လံ ၁ သို့*

*စာမျက်နှာ ၁၁ မှ အဆက်*

**ကရင်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** ဘားအံမြို့ရှိ အမှတ် (၅) ရပ်ကွက်၊ ဘားကပ်ကျေးရွာ၊ အမှတ်(၆) ရပ်ကွက်၊ အမှတ် (၄) ရပ်ကွက်တို့ရှိ ကုန်စုံဆိုင်များတွင်လည်းကောင်း၊ မြဝတီမြို့ရှိ ကုန်စုံဆိုင်များ၊ စျေးများ၊ စက်ရုံအလုပ်ရုံများ၊ ကျောင်းမုန့်စျေးတန်းများ၊ ဆေးဆိုင်များနှင့် စက်သုံးဆီဆိုင်များသို့ သွားရောက်၍ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတွင် တရားဝင်မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများ၊ သက်တမ်းလွန်နေသော ဆေးဝါးများနှင့် တရားမဝင်လမ်းကြောင်းမှ ဝင်ရောက်လာသည့် ဆေးဝါးများကို တင်သွင်းရောင်းချဖြန့်ဖြူးခြင်း ရှိ-မရှိ၊ ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်၏ ညွှန်ကြားချက်နှင့် ကိုက်ညီမှုရှိ-မရှိ စျေးကွက်စောင့်ကြည့်စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

**မွန်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** မုဒုံမြို့နယ်၊ ကျိုက်ထိုမြို့နယ်၊ မော်လမြိုင်မြို့နယ်နှင့် ဘီးလင်းမြို့နယ်တို့ရှိ စက်သုံးဆီအရောင်းဆိုင်များသို့သွားရောက်၍ ရည်ညွှန်းစျေးနှုန်းအတိုင်းရောင်းချမှု ရှိ-မရှိနှင့် အရောင်းဆိုင်ပိတ်ထားမှုရှိ-မရှိ၊ ကျိုက်ထိုမြို့၊ တောင်သူစုရပ်ကွက်ရှိ ဆန်ပွဲရုံသို့ သွားရောက်၍ ဆန်စျေးနှုန်းကြီးမြင့်မှု ရှိ-မရှိ၊ ပစ္စည်းစျေးနှုန်း မှန်ကန်မှုရှိ-မရှိ၊ ဆန်စပါးများ စုပုံသိုလှောင်ထားရှိမှု ရှိ-မရှိ၊ MyRo တွင် မှတ်ပုံတင်သက်တမ်းတိုးဆောင်ရွက်ရန်မှု ရှိ-မရှိ၊ မော်လမြိုင်မြို့နယ် အောက်လမ်းမကြီးတွင် ဖွင့်ထားသည့် အိမ်သုံးလျှပ်စစ်ပစ္စည်းဆိုင်များ၊ ကျိုက်မရောမြို့နယ် မြို့မစျေး၊ ချောင်းဆုံမြို့နယ် အမှတ် (၂) မြို့မစျေး၊ မုဒုံမြို့နယ် မြို့ပေါ်ရပ်ကွက်တွင် ဖွင့်လှစ်ထားသော အိမ်သုံးလျှပ်စစ်ပစ္စည်းဆိုင်များနှင့် သထုံခရိုင် သထုံမြို့နယ် မြို့မစျေး၊ ပေါင်မြို့နယ် မင်္ဂလာစျေး၊ ကျိုက်ထိုမြို့နယ် မြို့ပေါ်ရပ်ကွက်ရှိ အိမ်သုံးလျှပ်စစ်ပစ္စည်းဆိုင်များ၊ ဘီလင်းမြို့နယ် မြို့ပေါ်ရပ်ကွက်တွင် ဖွင့်လှစ်ထားသော အိမ်သုံးလျှပ်စစ်ပစ္စည်းဆိုင်များရှိ ကုန်စည်များပေါ်တွင် ကုန်အညွှန်းအမှတ်အသားပါဝင်မှုရှိ-မရှိ၊ သထုံမြို့နယ်နှင့် မော်လမြိုင်မြို့နယ်အတွင်းရှိ လိုင်စင်ရဆေးဝါးအရောင်းဆိုင်များနှင့် ဆေးနှင့်ဆေးပစ္စည်းအရောင်းဆိုင်များတွင် ဆေးဝါးများကို စျေးနှုန်းမှန်ကန်စွာ ရောင်းချရေးနှင့် သက်တမ်းလွန်ဆေးဝါးများရောင်းချခြင်းရှိ-မရှိ၊ သက်တမ်းလွန်ဆေးဝါးများရောင်းချခြင်း ရှိ-မရှိ စျေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ကြောင်း သိရှိရပါသည်။

**ရှမ်းပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** နမ့်စန်မြို့နှင့် လွိုင်လင်မြို့ပေါ်ရှိ အသင့်စား စားသောက်ကုန်အမျိုးမျိုးရောင်းချသည့် ကုန်စုံဆိုင်များ၊ လဲချားမြို့၊ တောင်ကြီးမြို့၊ ပင်းတယမြို့များအတွင်းရှိ စားအုန်းဆီဆိုင်များ၊ နမ့်ဆန်မြို့၊ လွိုင်လင်မြို့၊ ပင်းတယမြို့နှင့် တောင်ကြီးမြို့အတွင်းရှိ ဆန်ဆိုင်များ၊ ပင်းတယမြို့နှင့် လဲချားမြို့တို့၏ မြို့မစျေးများအတွင်းရှိ ဆေးနှင့်ဆေးပစ္စည်းဆိုင်များ၊ ရွှေညောင်မြို့ပေါ်ရှိ ဆားဖြန့်ဖြူးရောင်းချ

*စာမျက်နှာ ၁၃ ကော်လံ ၁ သို့*



*စာမျက်နှာ ၁၆ မှအဆက်*

စားသုံးသူကာကွယ်ရေး ဥပဒေစာအုပ်များ ဖြန့်ဝေခဲ့ကြောင်း သိရှိရပါသည်။

**တနင်္သာရီတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** မြိတ်မြို့ ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင်လည်းကောင်း၊ ထားဝယ်မြို့ တိုင်းအသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတွင် ဖွင့်လှစ်သည့် လူသုံးကုန်နှင့် အလှကုန်ထုတ်လုပ်မှုသင်တန်းတွင်လည်းကောင်း၊ ကော့သောင်းမြို့၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့တွင် ဆရာဆရာမများ၊ သင်တန်းသားသင်တန်းသူများ၊ ကျောင်းသားကျောင်းသူများအား စားသုံးသူကာကွယ်ရေးဥပဒေပါ သိကောင်းစရာများ၊ အွန်လိုင်းရောင်းဝယ်မှုနှင့်ပတ်သက်သည့် သတိပြုရမည့်အချက်များ၊ အွန်လိုင်းမှတ်ပုံ တင်ဆောင်ရွက်ခြင်းဆိုင်ရာများနှင့်ပတ်သက်သည့် အခြေခံအချက်အလက်များ၊ ကုန်စည်များတွင် ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းဆိုင်ရာများ၊ စားသုံးသူအခွင့်အရေးများ နစ်နာဆုံးရှုံးမှုများရှိပါက တိုင်ကြားနိုင်သည့် နည်းလမ်းများအား အသိပညာပေးဆွေးနွေးခဲ့ပြီး လက်ကမ်းစာစောင်များအား ဖြန့်ဝေပေးခဲ့ကြောင်း သိရှိရပါသည်။

**ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** ပဲခူးမြို့ရှိ အ. ထ. က (၉) ကျောင်း၊ ကဝမြို့နယ်ရှိ အ. ထ. က ကျောင်း၊ ဝေါမြို့နယ်ရှိ မိုကတုံးကျေးရွာ၊ သနပ္ပင်မြို့နယ်ရှိ မင်းရွာတွင်လည်းကောင်း၊ တောင်ငူခရိုင်၊ ရေတာရှည်မြို့နယ်ရှိ (မူလွန်) အမှတ် (၃)၊ အ. လ. က (ပိတောက်ကုန်း)၊ ဖြူးမြို့နယ်ရှိ (မူလွန်) စာရေးလမ်းကျောင်း၊ တောင်ငူမြို့နယ်ရှိ (မူလွန်) သရက်မှော်၊ (မူလွန်) ကံလှ၊ အ. ထ. က အမှတ် (၅)၊ ဇေယျာဝတီမြို့နယ်ရှိ အ. လ. က အမှတ် (၂)၊ ဖြူးမြို့နယ်ရှိ အ. လ. က (ခွဲ) တပ်တွင်း၊ အ. ထ. က ညောင်ပင်သာ၊ အုတ်တွင်းမြို့နယ်ရှိ အ. ထ. က ညောင်ခြေထောက်၊ အ. ထ. က ကျွဲပွဲ၊ ပြည်ခရိုင် ပြည်မြို့ရှိ (မူလွန်) တေဇကျောင်းနှင့် သာယာဝတီခရိုင်၊ သာယာဝတီမြို့ရှိ စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံကျောင်း၊ လက်ပံတန်းမြို့ရှိ အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းတွင်လည်းကောင်း၊ ညောင်လေးပင်ခရိုင် ညောင်လေးပင်မြို့နယ်ရှိ မူလွန်ကန်တော်ဦးကျောင်း၊ မူလွန်အာဇာနည်ကျောင်း၊ နတ်တလင်းခရိုင် ဇီးကုန်းမြို့ရှိ (အ. မ. က) ကူပြူ၊ (အ. လ. က) ညောင်ပင်ဖိုကျောင်းများရှိ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများအား စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း၊ ပြည်၊ ရွှေတောင်၊ ပန်းတောင်း၊ ပေါက်ခေါင်း၊ ကြို့ပင်ကောက်၊ မင်းလှ၊ ကျောက်တံခါးနှင့် နတ်တလင်းမြို့နယ်များရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့နှင့် ပူးပေါင်း၍ စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေး Talk Show စကားဝိုင်းများ ဆောင်ရွက်ခဲ့ကြောင်း၊ ထို့အပြင် ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိသည့် ကုန်စည်များအား ကုန်အညွှန်းအမှတ်အသား မှန်ကန်ပြည့်စုံမှုရှိစေရေး၊ အွန်လိုင်းမှတဆင့် ဖြန့်ဖြူးရောင်းချလျက်ရှိသော လုပ်ငန်းရှင်များအနေဖြင့် အွန်လိုင်းမှတ်ပုံ တင်ရှိထားစေရေး လုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ ဆွေးနွေးခဲ့ပြီး

*စာမျက်နှာ ၁၈ ကော်လံ ၁ သို့*

# စားသုံးသူအသိပညာပေးကဏ္ဍ

## တိုင်းဒေသကြီးများတွင် အသိပညာပေးလုပ်ငန်းများဆောင်ရွက်

စားသုံးသူရေးရာဦးစီးဌာနရှိ တိုင်းဒေသကြီးဦးစီးမှူးရုံးများသည် စားသုံးသူအခွင့်အရေးနှင့် အကျိုးစီးပွားကာကွယ်ရေး၊ လုံခြုံစိတ်ချရမှုရှိသော ကုန်စည်နှင့်ဝန်ဆောင်မှုများ ရွေးချယ်ဝယ်ယူသုံးစွဲတတ်စေရေး၊ စားသုံးသူနစ်နာဆုံးရှုံးမှုများဖြစ်ပေါ်လာပါက ကုစားမှုများရယူတောင်းဆိုတတ်စေရေး၊ စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာဗဟုသုတများ ရရှိနိုင်စေရေးတို့အတွက် စားသုံးသူအသိပညာပေးဟောပြောပွဲများ ကျင်းပခြင်းနှင့် စီးပွားရေးကျင့်ဝတ်၊ စည်းကမ်းနှင့်အညီ ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်နိုင်စေရေးအတွက် စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း-

**စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** မုံရွာမြို့ လယ်တီရပ်ကွက်ရှိ အ.လ.က (ခွဲ) ကျောင်း၊ ရန်ကင်းရပ်ကွက် ရှိ မူလွန်ကျောင်း၊ အားကစားနှင့် ကာယပညာသိပ္ပံကျောင်း၊ ကလေးမြို့ အမှတ် (၁) ရပ်ကွက်ရှိ အ.လ.က (ခွဲ) ကျောင်း၊ ကလေးဝမြို့ အမှတ် (၃) မူလွန်ကျောင်း၊ ကန့်ဘလူမြို့ အ.ထ.က (၁) ကျောင်း၊ ကျွန်းလှမြို့ အ.ထ.က ကျောင်းတို့မှ ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများ၊ ကန့်ဘလူမြို့နှင့် စစ်ကိုင်းမြို့ ရွှေမင်းဝံရပ်ကွက်ရှိ စားသုံးသူပြည်သူများအား ဌာန၏



မျှော်မှန်းချက်များ၊ ရည်မှန်းချက်တာဝန်များ၊ စားသုံးသူအခွင့်အရေးများ၊ တာဝန်များ၊ ဌာနသို့ဆက်သွယ်တိုင်ကြားနိုင်သည့် နည်းလမ်းများ၊ ဖြေရှင်းဆောင်ရွက်ပေးခဲ့သည့် စားသုံးသူတိုင်ကြားမှုဖြစ်စဉ်များကို အသိပညာပေးဟောပြောခဲ့ကြပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း၊ မုံရွာခရိုင်၊ မုံရွာမြို့တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပူးပေါင်း၍ စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေး Talk Show အစီအစဉ်များဆောင်ရွက်ခဲ့ကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးရာတွင် တိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့် (၂) ကြိမ်၊ ကလေးခရိုင်ဦးစီးမှူးရုံးအနေဖြင့် (၄) ကြိမ်၊ ကန့်ဘလူခရိုင် ဦးစီးမှူးရုံးအနေဖြင့် (၂) ကြိမ်၊ စစ်ကိုင်းခရိုင်ဦးစီးမှူးရုံးအနေဖြင့် (၅) ကြိမ်၊ မုံရွာခရိုင်ဦးစီးမှူးရုံးအနေဖြင့် (၃) ကြိမ်၊ ယင်းမာပင်ခရိုင်ဦးစီးမှူးရုံးအနေဖြင့် (၂) ကြိမ်၊ ရွှေဘိုခရိုင်ဦးစီးမှူးရုံးအနေဖြင့် (၄) ကြိမ်၊ စုစုပေါင်း (၂၂) ကြိမ် ဆောင်ရွက်နိုင်ခဲ့ပြီး စီးပွားရေးလုပ်ငန်းရှင်တို့၏ တာဝန်များ၊ လိုက်နာရမည့်အချက်များကို ရှင်းလင်းဆွေးနွေးခြင်း၊ စီးပွားရေးလုပ်ငန်းရှင်နှင့် သက်ဆိုင်သော လက်ကမ်းစာစောင်များ၊

*စာမျက်နှာ ၁၇ ကော်လံ ၁ သို့*



*စာမျက်နှာ ၁၂ မှအဆက်*

သည့်လုပ်ငန်း၊ လှိုင်လင်မြို့ပေါ်ရှိ မုန့်ထုတ်လုပ်သည့်လုပ်ငန်းများ၊ တောင်ကြီးမြို့နယ် ဘုရားဖြူရပ်ကွက်ရှိ သောက်ရေသန့်လုပ်ငန်း၊ လှိုင်လင်မြို့ပေါ်ရှိ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုယာဉ်လိုင်းလုပ်ငန်းများ၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့အတွင်းရှိ နမ့်ချပ်ရပ်၊ ရပ်ကွက် (၁) အတွင်းရှိ ဒိန်ချဉ်ထုတ်လုပ်သည့်လုပ်ငန်း၊ နောင်ကုန်းကျေးရွာအတွင်းရှိ ပဲငံပြာရည်လုပ်ငန်း၊ ယန်းလုကျေးရွာအတွင်းရှိ သောက်ရေသန့်စက်ရုံ၊ ကျိုင်းတုံမြို့မဈေးအတွင်းရှိ ကုန်စုံဆိုင်များ၊ ရပ်ကွက် (၂) အတွင်း ပဲငံပြာရည်လုပ်ငန်း၊ ရပ်ကွက် (၁) အတွင်းရှိ သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုပေးသည့်လုပ်ငန်း၊ တာချီလိတ်မြို့နယ်အတွင်းရှိ ဝမ်မိုင်ကျေးရွာ၊ ခုတ်ဝကျေးရွာ၊ ပါခုတ်ကျေးရွာတို့ရှိ သောက်ရေသန့်လုပ်ငန်း၊ ကျိုင်းတုံ-တာချီလိတ်လမ်းမပေါ်ရှိ စက်သုံးဆီဆိုင်များအား သွားရောက်၍ ဘေးအန္တရာယ်ကင်းရှင်းမှုရှိ-မရှိ ကုန်အညွှန်းအမှတ်အသားပြည့်စုံစွာ ဖော်ပြထားခြင်း ရှိ-မရှိ သက်တမ်းလွန်စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန် ပစ္စည်းများရောင်းချနေခြင်း ရှိ-မရှိ၊ စံမညီဆေးဝါးများ ရောင်းချခြင်းရှိ-မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ကြောင်း သတင်းရရှိပါသည်။

**Source:** ပြည်နယ်ဦးစီးမှူးရုံးများ

## Online Sale မှတ်ပုံတင်လက်မှတ်ထုတ်ပေးနိုင်ရေး မြေပြင်ကွင်းဆင်းစစ်ဆေးခြင်းနှင့် အသိပညာပေးခြင်းများ ဆောင်ရွက်

Online စနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းအား ၂၁-၇-၂၀၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၅၀/၂၀၂၃) ဖြင့် အရေးကြီးဝန်ဆောင်မှုလုပ်ငန်းအဖြစ် သတ်မှတ်ခဲ့ပြီး အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှစ၍ Online Sale မှတ်ပုံတင်လက်မှတ်လျှောက်ထားလာမှုအား မြေပြင်ကွင်းဆင်းစစ်ဆေး၍ လျှောက်ထားသည့် အချက်အလက်များနှင့် မြေပြင်တွင်အမှန်တကယ်ကိုက်ညီမှုရှိမှသာလျှင် မှတ်ပုံတင်လက်မှတ်ထုတ်ပေးမည်ဖြစ်ကြောင်း လစဉ်အသိပညာပေးဆောင်ရွက်မည့် အစီအမံများရေးဆွဲ၍ အသိပညာပေးခြင်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလအတွင်း -

**ကချင်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** မြစ်ကြီးနားမြို့ အောင်နန်းရပ်ကွက်ရှိ ပယင်း၊ ကျောက်စိမ်းလက်ဝတ်ရတနာအမျိုးမျိုးရောင်းဝယ်ရေးလုပ်ငန်းရှင်များ၊ ကျွန်းပင်သာရပ်ကွက်ရှိ စားသုံးသူပြည်သူများနှင့် မိုးညှင်းမြို့ နားခါးရပ်ကွက်ရှိ စားသုံးသူပြည်သူများ၊ အိတ်မျိုးစုံရောင်းဝယ်ရေးလုပ်ငန်းရှင်များ၊ အွန်လိုင်းစနစ်ဖြင့်ရောင်းချသည့် မှတ်ပုံတင်လက်မှတ် လုပ်ငန်းရှင်များအား မှတ်ပုံတင်ဆောင်ရွက်ရမည့် အွန်လိုင်းစနစ်ဖြင့် ရောင်းချသူများအနေဖြင့် အွန်လိုင်းရောင်းချခြင်းနှင့် စပ်လျဉ်း၍

*စာမျက်နှာ ၁၄ ကော်လံ ၁ သို့*

*စာမျက်နှာ ၁၃ မှ အဆက်*

မှတ်ပုံတင်ခြင်းဆိုင်ရာအချက်များနှင့် သိရှိလိုက်နာရမည့် အချက်များကို အသိပညာပေးဆွေးနွေးခဲ့ပြီး တရားမဝင် တင်သွင်းလာသော ကုန်ပစ္စည်းများအား ဝယ်ယူရောင်းချခြင်း မပြုရန်နှင့် အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှု ဥပဒေပါပြစ်မှု၊ ပြစ်ဒဏ်များ အကြောင်းတို့ကို အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။

**ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** KIMA Gold Diamond & Jewellery Smith Online Shop လုပ်ငန်းရှင်၊ အနောက်ပိုင်းခရိုင်ဦးစီးမှူးရုံး၌ Online Sale ရောင်းချသည့် လုပ်ငန်းရှင်များအား အွန်လိုင်းရောင်းချခြင်းနှင့် စပ်လျဉ်း၍ မှတ်ပုံတင်ခြင်းဆိုင်ရာအချက်များနှင့် သိရှိလိုက်နာရမည့်အချက်များကို အသိပညာပေးဆွေးနွေးခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရှိရပါသည်။

**မွန်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** မော်လမြိုင်မြို့၊ အိမ်အမှတ် (၆၀၈) အောက်လမ်းမကြီး၊ ဘိုကုန်းရပ်ကွက် အလှကုန် ပစ္စည်းဆိုင်များ၊ အထည်အလိပ်အဝတ်အထည်နှင့် ဆက်စပ်ပစ္စည်းဆိုင်များ၊အမှတ် (၂) သင်္ဂဟလမ်းကြား၊ ပန်းပဲတန်းရပ်ကွက် အထည်အလိပ်အဝတ်အထည်နှင့် ဆက်စပ်ပစ္စည်းဆိုင်များနှင့် သင်ကြားရေးဝန်ဆောင်မှုလုပ်ငန်းများ၊ ရွှေပြည်အေး (၆)လမ်း ဘိုကုန်းရပ်ကွက် အလှကုန်လက်လီလက်ကား ဆိုင်များ၊ သထုံမြို့ အိမ်အမှတ် (၉) ခြေမြန်တပ်ရင်းလမ်း၊ ဝင်းပကွက်သစ်ရပ်ကွက်၊ အထည်အလိပ် အဝတ်အထည်ပစ္စည်းဆိုင်များ၊ ကျိုက်ထိုမြို့ အောင်သပြေ (၁)လမ်း၊ ကံ့ကော်ရပ်ကွက်၊ အထည်အလိပ်အဝတ်အထည်ပစ္စည်းဆိုင်များ၊ ဘီလင်းမြို့ သူရိန်လမ်း၊ ကန်သာယာရပ်ကွက်၊ အထည်အလိပ် အဝတ်အထည်ပစ္စည်း ဆိုင်များ၊ ဖက်ရှင်အသုံးအဆောင်ပစ္စည်းဆိုင်များအား သွားရောက်၍ အွန်လိုင်းစနစ်ဖြင့် ရောင်းချနေသော လုပ်ငန်းရှင်များသို့ မှတ်ပုံတင်လျှောက်ထားမှုနှင့်စပ်လျဉ်း၍ မြေပြင်ကွင်းဆင်းဆောင်ရွက်ရာတွင် လျှောက်လွှာပုံစံတွင် ဖြည့်သွင်းထားသည့် လိပ်စာအတိုင်း လုပ်ငန်းအမှန်တကယ်တည်ရှိခြင်း ရှိ-မရှိ၊ မှတ်ပုံတင်လက်မှတ် လျှောက်ထားစဉ်က ရောင်းချရန် တင်ပြထားသော ကုန်စည် (သို့) ဝန်ဆောင်မှု အမျိုးအစားစာရင်း အတိုင်းမြေပြင်တွင် အမှန်တကယ် ရောင်းချနေသော စာရင်းကိုက်ညီမှု ရှိ-မရှိတို့ကို စစ်ဆေးခဲ့ပြီး မှတ်ပုံတင်လက်မှတ်ရရှိသူ၏ တာဝန် ဖောက်ဖျက်မှု ရှိ-မရှိ၊ စားသုံးသူကာကွယ်ရေးဥပဒေပါ ကုန်စည်ပေါ်တွင် ဖော်ပြပါရှိရမည့် ကုန်အညွှန်းအမှတ်အသားဖော်ပြမှုတို့ကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရှိရပါသည်။

**ရှမ်းပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** တောင်ကြီးမြို့ စပ်စံထွန်းရပ်ကွက် နယ်မြေ (၁၀)၊ ရှု့မျှော်ခင်းလမ်းတွင် အထည်အလိပ်နှင့် ဖက်ရှင်အသုံးအဆောင်ပစ္စည်းများ ရောင်းချသည့်လုပ်ငန်း၊ ပင်းတယမြို့၊ တောင်ပေါ်ကြီး ကျေးရွာရှိ အွန်လိုင်းစနစ်ဖြင့် အလှကုန်ပစ္စည်းအမျိုးမျိုး ရောင်းချသည့်လုပ်ငန်း၊ ကလောမြို့နယ်၊ အင်းပြင်ကျေးရွာရှိ အွန်လိုင်းရောင်းဝယ်ရေးလုပ်ငန်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ ရပ်ကွက် (၅) ရှိ အွန်လိုင်းစနစ်ဖြင့် အဝတ်အထည်အမျိုးမျိုးရောင်းသည့်လုပ်ငန်းများအား သွားရောက်၍ Online စနစ်ဖြင့် ရောင်းဝယ်မှုပြုလုပ်ရာတွင် သက်ဆိုင်ရာဌာန၏ ထောက်ခံချက်

*စာမျက်နှာ ၁၅ ကော်လံ ၁ သို့*



*စာမျက်နှာ ၁၄ မှ အဆက်*

မှတ်ပုံတင်ပြုလုပ်၍ စနစ်တကျဖြန့်ဖြူး ရောင်းဝယ်မှုပြုလုပ်ရန်၊ အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှု ဥပဒေပါအတိုင်း လိုက်နာဆောင်ရွက်ရန်နှင့် စားသုံးသူကာကွယ်ရေး ဥပဒေအခန်း (၁၀) ပါ စီးပွားရေးလုပ်ငန်းရှင်၏ တာဝန်များကို လိုက်နာဆောင်ရွက်ရန် အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

**Source:** တိုင်းဒေသကြီးနှင့်ပြည်နယ်ဦးစီးမှူးရုံးများ

## ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း စျေးကွက်စောင့်ကြည့်စစ်ဆေးမှုအခြေအနေ

စားသုံးသူရေးရာဦးစီးဌာနသည် စားသုံးသူပြည်သူများ အသုံးပြုလျက်ရှိသည့် ကုန်စည်များဖြစ်သော အသင့်စားအစားအစာများ၊ စားသုံးဆီများ၊ အသင့်သောက်အချိုရည်များ၊ အရန်သင့်အစားအစာများ၊ အိမ်သုံးဆေးဝါးများနှင့် လူသုံးကုန်ပစ္စည်းများကို ဘေးအန္တရာယ်ကင်းရှင်းမှု ရှိ-မရှိ သက်ဆိုင်ရာမိတ်ဖက်ဌာနများနှင့် ပူးပေါင်းစစ်ဆေးခြင်း၊ စားသုံးဆီများအား ဖြစ်သင့်ဖြစ်ထိုက်သော စျေးနှုန်းများနှင့် ရောင်းချခြင်းရှိ-မရှိနှင့် ဆေးနှင့်ဆေးပစ္စည်းများ စျေးကွက်အတွင်း ပစ္စည်းပြတ်လပ်မှု ရှိ-မရှိ စျေးကွက်စောင့်ကြည့်စစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း စျေးကွက်စောင့်ကြည့်စစ်ဆေးမှု (၁၉၆၇)ကြိမ် ဆောင်ရွက်နိုင်ခဲ့ကြောင်း သတင်းရရှိပါသည်။

**Source:** ထုတ်လုံ

## ၂၀၂၆ ခုနှစ်အတွင်း ကုန်အညွှန်းအမှတ်အသား စိစစ်ခွင့်ပြုပေးခဲ့မှုအခြေအနေ

စားသုံးသူကာကွယ်ရေးဥပဒေ ၂၀၁၉၊ အခန်း (၁၈) တွင် ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းနှင့် စပ်လျဉ်းသည့်အချက်အလက်များ ပြဋ္ဌာန်းထားပြီး ကုန်အညွှန်းအမှတ်အသား ဖော်ပြရာတွင် မြန်မာဘာသာဖြင့် ဖော်ပြရန်လိုအပ်သည့် အသေးစိတ်အချက်များကိုလည်း စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာရန်အတွက် မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်က ညွှန်ကြားချက် အမှတ် (၂/၂၀၁၉) ဖြင့် ထုတ်ပြန်ထားပြီးဖြစ်ပါသည်။ ထုတ်ကုန်လုံခြုံစိတ်ချရမှုဌာနခွဲအနေဖြင့် ကုန်စည်များတွင် မြန်မာဘာသာဖြင့် ကုန်အညွှန်းအမှတ်အသားဖော်ပြထားခြင်းအား ညွှန်ကြားချက် (၂/၂၀၁၉) နှင့်အညီ စိစစ်ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၆ ခုနှစ်အတွင်း ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တင်ပြလာသည့် ကုန်စည်များကို အောက်ပါအတိုင်း စိစစ်ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်-

**Source:** ထုတ်လုံ

၂၀၂၆ ခုနှစ်အတွင်း ကုန်အညွှန်းအမှတ်အသား စိစစ်ခွင့်ပြုပေးခဲ့မှုအခြေအနေ

| စဉ် | လအမည် | စိစစ်ရန် တင်ပြလာမှု အခြေအနေ (အရေအတွက်) | | ခွင့်ပြုခဲ့သည့် အခြေအနေ (အရေအတွက်) | |
|---|---|---|---|---|---|
| | | ကုမ္ပဏီ | ကုန်ပစ္စည်း | ကုမ္ပဏီ | ကုန်ပစ္စည်း |
| ၁။ | ဇန်နဝါရီလ | ၁၀၇ | ၃၃၈ | ၁၀၇ | ၃၃၈ |
| ၂။ | ဖေဖော်ဝါရီလ | ၈၈ | ၂၆၁ | ၈၈ | ၂၆၁ |
| စုစုပေါင်း | | ၁၉၅ | ၅၉၉ | ၁၉၅ | ၅၉၉ |